
# စာတန်၏ နည်းဗျူဟာ၊
# ဘုရားသခင်၏ ကုသပေးခြင်း

# SATAN'S STRATEGY, GOD'S REMEDY

ရှေးဟောင်းစာစောင်

မှ

အရေးကြီး အသိပေးစာ



ပေါ့ဘွန်စဲင်း

Poh Boon Sing

ပုံနှိပ်မှတ်တမ်း

ပထမအကြိမ်

၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ

အုပ်ရေ
၁၀၀၀

ကွန်ပျူတာစာစီ
HWL

တန်ဖိုး

ဘာသာပြန်သူ

Peter Ci Thang

# မာတိကာ


ကမ္ဘာဦးကျမ်း ၃း၁-၂၁

၁။ ကမ္ဘာဦးကျမ်း ၃၏သတင်းစကား • • • • • • • • • • • • ၃

၂။ စာတန်၏နည်းဗျူဟာ • • • • • • • • • • • • • • • • ၁၂

၃။ လူ၏မိုက်မဲခြင်း • • • • • • • • • • • • • • • • • • • • ၂၂

၄။ ဘုရားသခင်၏ကုသပေးခြင်း • • • • • • • • • • • • • • ၃၂

၅။ သင့်ထံသို့ရေးစာ • • • • • • • • • • • • • • • • • • • • ၄၁


---


Satan's Strategy, God's Remedy, by Poh Boon Sing.



© Poh Boon Sing, 1997.



ISBN 983-9180-06-1

First published in March, 1997.

---

Published by:
**GOOD NEWS ENTERPRISE**
52 Jalan SS 21/2, Damansara Utama,
47400 Petaling Jaya, Malaysia.

---

Printed by: Percetakan dan Alat Tulis Intan (M) Sdn Bhd,
28A Jalan Pudu Ulu, Jalan Cheras, 56100 Kuala Lumpur.

## ကမ္ဘာဦးကျမ်း ၃း၁–၂၁

၁ မြွေသည် ထာဝရအရှင်ဘုရားသခင် ဖန်ဆင်းတော်မူသော မြေတိရစ္ဆာန်တကာတို့ ထက်လိမ္မာသည်ဖြစ်၍မိန်းမအား သင်တို့သည် ဥယျာဉ်ရှိသမျှသော အပင်တို့၏အ သီးကို မစားရဟု ငကန်စင်စစ် ဘုရားသခင် မိန့်တော်မူသလောဟုမေး၏။

၂ မိန်းမကလည်း၊ ငါတို့သည် ဥယျာဉ်ရှိသောအပင်တို့၏အသီးကို စားရသောအခွင့် ရှိ၏။

၃ ဥယျာဉ်အလယ်၌ ရှိသောအပင်၏အသီးကိုကား သင်တို့သည် မကိုင်မစားဘဲနေ ကြလော့။ သို့မဟုတ် သေမည်ဟု ဘုရားသခင်အမိန့်တော်ရှိသည်ဟု မြွေအားဆို၏။

၄ မြွေကလည်း သင်တို့သည် ငကန်အမှန်သေရမည် မဟုတ်။

၅ အကြောင်းမူကား၊ ထိုအသီးကိုစားသောနေ့၌ သင်တို့သည်မျက်စိပွင့်လင်းလျက် ကောင်းမကောင်းကိုသိ၍၊ ဘုရားသခင်ကဲ့သို့ဖြစ်ကြလတ္တံ့သည်ကို၊ ဘုရားသခင်သိ တော်မူသည်ဟုမိန်းမအားဆို၏။

၆ ထိုအပင်သည်စားဖွယ်ကောင်းခြင်း၊ အဆင်းလှခြင်း၊ ပညာတိုးပွားစေလိုသောငှာနှစ် သက်ဖွယ်သောအပင်ဖြစ်ခြင်းကို မိန်းမသည်မြင်လျှင်၊ အသီးကိုယူ၍စား၏။ မိမိခင်ပွန်းအားလည်း ပေး၍ သူသည်လည်း စား၏။

၇ ထိုသူနှစ်ယောက်တို့သည် မျက်စိပွင့်လင်း၍၊ မိမိတို့၌ အဝတ်အချည်းစည်းရှိသည်ကို သိမြင်လျှင်၊ မိမိတို့ဝတ်ရန်ဘို့ သင်္ဘောသဖန်းပင်အရွက်တို့ကိုချုပ်စပ်၍ ခါးစည်းကို လုပ်ကြ၏။

၈ နေငသောအချိန်တွင်၊ ထိုဥယျာဉ်၌ ထာဝရအရှင် ဘုရားသခင်ကြွတော်မူသော အသံကို လူလင်မယားတို့သည် ကြားလျှင်၊ အထံတော်မှလွတ်ခြင်းငှာ၊ ဥယျာဉ်အပင် တို့တွင်ပုန်းကွယ်လျက်နေကြ၏။

၉ ထာဝရအရှင်ဘုရားသခင်ကလည်း၊ သင်သည်အဘယ်မှာ ရှိသနည်းဟု လူကိုခေါ် တော်မူ၏။

၁၀ လူကလည်း၊ဥယျာဉ်၌ ကိုယ်တော်၏အသံကိုကျွန်တော်ကြားလျှင်၊ အဝတ်အ ချည်းစည်းရှိသောကြောင့်၊ ကြောက်၍ ပုန်းလျှက်နေပါသည်ဟု လျှောက်လေ၏။

၁၁ ဘုရားသခင်ကလည်း၊ သင်၌ အဝတ်ချည်းစည်းရှိသည်ကို သင့်အား အဘယ်သူ ပြောသနည်း မစားရဟု ငါပညတ်သောအပင်၏အသီးကိုစားပြီးလောဟုမေးတော်

မူ၏။

၁၂ လူကလည်း၊ ကျွန်တော်၌ အပ်ပေးတော်မူသောမိန်းမသည် ထိုအပင်၏အသီးကို အသီးကိုပေး၍ ကျွန်တော်စားမိပါသည်ဟု လျှောက်လေ၏။

၁၃ ထာဝရအရှင်ဘုရားသခင်ကလည်း၊ သင်သည် အဘယ်သို့ပြုပြီးသနည်းဟုမိန်းမ အားမေးတော်မူလျှင်၊ မိန်းမက၊ မြွေသည်ကျွန်တော်မကိုလှည့်စား၍ ကျွန်တော်မ သည် စားမိပါပြီဟု လျှောက်လေ၏။

၁၄ ထာဝရအရှင်ဘုရားသခင်သည် မြွေကိုခေါ်၍ သင်သည် ဤအမှုကိုပြုသော ကြောင့်၊ သားယဉ်၊ သားရဲ အပေါင်းတို့ထက်ကျိန်ခြင်းကိုခံရ၏။ သင်သည် ဝမ်းဖြင့် သွား၍ မြေမှုန့်ကိုတသက်လုံးစားရမည်။

၁၅ သင်နှင့်မိန်းမကို၄င်း၊ သင်၏အမျိုးအနွယ်နှင့် မိန်းမ၏အမျိုးအနွယ်ကို၄င်း ငါသည် ရန်ငြိုးဖွဲ့စေမည်။ သူသည် သင်၏ခေါင်းကိုကြိတ်လိမ့်မည်၊ သင်သည် သူ၏ ဖနောင့်ကိုကြိတ်လိမ့်မည်ဟု မိန့်တော်မူ၏။

၁၆ မိန်းမကိုလည်း၊ သင်၌ ကိုယ်ဝန်ဆောင်ခြင်းဝေဒနာကို ငါအလွန်များပြားစေမည်။ ပင်ပန်းစွာဝေဒနာကိုခံ၍သားဘွားရမည်။ ကိုယ်ခင်ပွန်း၏အလိုသို့လိုက်၍၊ သူ၏ အုပ်စိုးခြင်းကိုလည်းခံရမည်ဟု မိန့်တော်မူ၏။

၁၇ ယောကျ်ားကိုလည်း၊ ထိုအပင်၏အသီးကို မစားရဟုငါပညတ်သော်လည်း သင် သည် မယား၏စကားကိုနားထောင်၍ စားမိသောကြောင့်၊ မြေသည် သင်၏ အ တွက်ကျိန်ခြင်းကိုခံရလျက်ရှိ၏မြေ၏၊အသီးကိုတသက်ပတ်လုံးပင်ပန်းစွာစားရမည်။

၁၈ ဆူးပင်အမျိုးမျိုးတို့ကိုလည်း သင်အဘို့ မြေပေါက်စေမည်။ လယ်၌ ဖြစ်သောဟင်း သီးဟင်းရွက်တို့ကို သင်စားရမည်။

၁၉ သင်ထွက်ရာမြေသို့မပြန်မှီတိုင်အောင်၊ သင်၏မျက်နှာမှချွေးထွက်လျက်အစာကို စားရမည်။ အကြောင်းမူကား၊ သင်သည် မြေမှုန့်ဖြစ်၍၊ မြေမှုန့်သို့ပြန်ရမည်ဟုမိန့် တော်မူ၏။

၂၀ ထိုအခါလူသည်မိမိမယားကို၊ဧဝအမည်ဖြင့်မှည့်လေ၏။ အကြောင်းမူကား၊ သူသည်အသက်ရှင်သောသူအပေါင်းတို့၏ အမိဖြစ်သတည်း။

၂၁ ထာဝရဘုရားသခင်ကလည်း၊ လူလင်မယားဘို့သားရေဖြင့်ဝတ်လုံကိုလုပ်၍ ဝတ်ခြုံစေတော်မူ၏။

## ၁။ ကမ္ဘာဦးကျမ်း ၃ ၏သတင်းစကား

*"ဤအကြောင်းအရာဟူမူကား၊အပြစ်တရားသည်တစ်ယောက်သောသူအားဖြင့်ဤလောက သို့ဝင်၍၊ အပြစ်တရားအားဖြင့် သေခြင်းတရားဝင်သည်နှင့်အညီ၊ လူအပေါင်းတို့သည် အပြစ်ရှိသောကြောင့်သေခြင်းသို့ရောက် ရကြ၏။ အကြောင်းမူကား တယောက်သောသူသည်နားမထောင်သောအားဖြင့်၊လူအများတို့သည်အပြစ်ရောက်သည့်နည်းတူ၊ တယောက်သောသူသည် နားထောင်သောအားဖြင့်၊ လူများတို့သည် ဖြောင့်မတ်ရာသို့ ရောက်ရကြ၏။ "* (ရောမ ၅း၁၂၊ ၁၉)

ကုစား၍မဖြစ်နိုင်သောရောဂါများအတွက် အထူးကုသနည်းထုတ်လုပ်နိုင်ရန်လျှို့ဝှက်ပုံသေနည်းအကြံဥာဏ်အားဖြင့်၊ ဝန်းရံပတ်သက်နေသောပုံပြင်များစွာရှိသည်။ ထိုပုံပြင်အများစုသည် ရုပ်ရှင်ဇာတ်ကားများအဖြစ် ကူးပြောင်းထုတ်လုပ်ထားခဲ့ကြသည်။ ဥပမာအားဖြင့် (Lorenzo"s Oil) "လိုရန်ဇို၏ဆီ" "တောအုပ်ဆရာဝန်" (Jungle Doctor) ကဲ့သို့သောဇာတ်ကားများကို ကျွန်ုပ်တို့တွေ့ကြည့်နိုင်ပါသည်။ ရိုးရာဓလေ့ပုံပြင်များသည်လည်း ထိုသို့သောလမ်းကြောင်းပေါ် ရောက်ခဲ့ကြသည်။ သူရဲကောင်းတစ်ဦးသည် သူ၏တိုက်ခိုက်စွမ်းရည်အား မြင့်တက်စေမည့်နှစ်ပေါင်းများ

စွာ ကြာပျောက်ဆုံးနေသော သိုင်းကျမ်းအား တွေ့ရှိခဲ့ပြီးနောက်၊ သူသည် တန်ခိုးခွန်အားကြီးမားသောလူဆိုးကြီးအား ကျော်လွှားအနိုင်ယူနိုင်ခဲ့ကြောင်း ကျွန်ုပ်တို့သိရှိဖူးကြပါသည်။

ကမ္ဘာဦးကျမ်း ၃ အား ထိုကဲ့သို့သော အထောက်အထားစာစောင်အဖြစ် ကြည့်ရှုနိုင်ပါသည်။ ထိုကျမ်းတွင် ဧဒင်ဥယျာဉ်၌ ကျွန်ုပ်တို့၏ ပထမဆုံးသောမိဘများထံ၌ မည်သည့်အရာများဖြစ်ပျက်ခဲ့ကြောင်းဖော်ပြသည့် ပုံပြင်ပါဝင်နေပါသည်။ ထိုကျမ်းသည် ၎င်းတို့၏အပြစ်ကင်းစင်ခြင်းမှကျရှုံးခြင်း၏အကျိုးဆက်များကို ကျွန်ုပ်တို့အားဖော်ပြပေးသည်။ ယနေ့ ကျွန်ုပ်တို့ကို ထိုအရာအားဖြင့်အသက်တာ၌ ထူးခြားသော ထိုးထွင်းသိမြင်ခြင်းကိုပေးသည်။ အခြားနည်းနှင့်ပြောရမည်ဆိုလျှင် ကမ္ဘာဦးကျမ်း ၃ သည် ကျွန်ုပ်တို့၏အတိတ်၊ ပစ္စုပ္ပန်ကာလနှင့်အနာဂတ်တို့ကို သိနားလည်စေရန်အတွက်အလွန် ရေးကြီးလှပါသည်။ ထိုကျမ်းသည် ကျွန်ုပ်တို့၏မူလဇစ်မြစ်သည် ဘုရားရှေ့ ကျွန်ုပ်တို့၏ လက်ရှိအခြေအနေနှင့် အနာဂတ်မြဲမြံခြင်း၊ ပျော်ရွှင်ခြင်း၏သော့ချက်တို့ကို ဖော်ပြသည်။

## ကျွန်ုပ်တို့၏ မူလဇစ်မြစ်ဖော်ပြခံရခြင်း

ကျွန်ုပ်တို့၏မူလဇစ်မြစ်ကိုသိရှိခြင်းသည် အလွန်အရေးကြီးကြောင်းကျွန်ုပ်တို့အားလုံး သတိထားမိကြပြီးဖြစ်ပါသည်။ လူငယ်အများ စုသည် ၎င်းတို့၏မူလဇစ်မြစ်နှင့်ပတ်သက်သော ပြဿနာမပေါ်မီတိုင်အောင်ပျော်ရွှင်စွာ ကြီးပြင်းလာခဲ့ကြသည်။ မိမိတို့သည် မည်သူဖြစ်ကြောင်း၊ မည်သည့် အရပ်မှလာကြောင်းနှင့် မိမိတို့အနီးနားရှိလူများနှင့် မည်သို့ဆက်နွယ်ကြောင်းများကို စတင်မေးခွန်းထုတ်လာသည်။ ဤပြဿနာသည်တပြည်မှတပြည်သို့ပြောင်းရွှေ့မှုနှင့်လူပ်ရှားရလွယ်ကူသော ဤခေတ်ကာလ၌ ပို၍များပြားပြင်းထန်လာသည်။ ကွဲပြားခြားနားသော ထုံးတမ်းဓလေ့နှင့် အသားရောင်မတူသောပတ်ဝန်းကျင်၌ ကြီးထွားလာသောလူများလည်းရှိသည်၊ ဤအရာများသည် လူမျိုးနွယ်အုပ်စုများ၊ ဆွေမျိုးစုနှင့်အယောက်စီ၏ဘိုးဘွား ဘီဘင်များ လေ့လာသောစာအုပ်များကိုနာမည်ကြီးလာစေခြင်းဖြစ်သည်ဟု ယုံကြည်မိပါ သည်။

ဤအရာသည် သင့်အတွက် ပြဿနာမဟုတ်ပါဟု သင်ဆိုကောင်းဆိုနိုင်

ပါသည်။ သို့သော် တစ်နေ့သင်၏သမီးသည် သင့်ဆီလာ၍ သင်တို့နှင့်အသားရောင် လုံးဝကွဲပြားသော သူတစ်ဦးအား သူမ လက်ထပ်မည်ဟု ဆိုလာလျှင်သင်မည်ကဲ့သို့ တုန့်ပြန်မည်နည်း။ သင့်ကိုယ်သင် ငါသည် သဘောထားကြီးသောသူဖြစ်သည်ဟုဆို၍ ဤအရာအားပြဿနာမဟုတ်ဟု ဆိုကောင်းဆိုနိုင်ပါသည်။ သို့သော် ဤအရာသည် အမှန်တကယ်ဖြစ်ပါသလား။ သင့်သမီးအား ထိုသူနှင့်ပေးစားရန် သဘောတူလိုလား ပါသလား။ သင့်နှလုံးသားတွင်းမှ အမှန်တကယ်လက်ခံနိုင်ပါမည်လော။ အကယ်၍ သင်သည် လူအမျိုးအနွယ်နှင့်ပက်သက်သောစွဲလန်းမှုမရှိလျှင်လည်း၊ ကွဲပြားသောဓလေ့ ထုံးစံခြားနားသောစကားပြောကာမတူသောအစားအစာ စားသုံးသောသမက်ရှိခြင်း သည် လက်တွေ့ဘဝတွင်ပြဿနာ ရှိလိမ့်မည် ဖြစ်သည်။ ဤကဲ့သို့သော ကွဲပြားခြားနား မှုအား သင်မည်သို့မြင်သနည်း။ ဤအရာများသည် သင်နှင့်သားသမီးကြား၊ သင်နှင့် သူ့အကြားရှိဆက်နွယ်မှုအားထိခိုက်စေမည်လော။ ဤအရာသည် သင်၏ဆက်နွယ် မှုအား ထိခိုက်စေသင့်ပါသလား။

အကယ်၍ သင်သည် ဤလူမျိုးနွယ်အားလုံးသည် မျိုးနွယ်တစ်ခုတည်းဖြစ် သည်ကို နားလည်လျှင် ထိုကဲ့သို့သော ပြဿနာ ရှိနိုင်တော့မည် မဟုတ်ပေ။ အမှန်တွင် လူမျိုးနွယ်တစ်ခုလုံးသည် မိသားစုဝင်တစ်စုပင်ဖြစ်သည်။ ဤအရာသည် အဖြစ်အပျက် အမှန်ပင်ဖြစ်သည်။ ထိုအချက်မှန်ကန်ကြောင်းလွယ်ကူစွာဖော်ပြနိုင်ပါသည်။ ခြသေ့်နှင့် ကျားသည် ကြောင်မိသားစုဝင်များဖြစ်ကြောင်း ကျွန်ုပ်တို့အားလုံးသိပြီးဖြစ်သည်။ အကယ်၍ ကျွန်ုပ်တို့သည် ခြသ်နှင့်ကျားတို့အား မျိုးစပ်ပေးမည်ဆိုလျှင် ဝမ်းဗိုက်တစ်ခု၊ နှလုံးတစ်ခု၊ နှာခေါင်းတစ်ခု၊ နားနှစ်ဖက်နှင့် မျက်လုံးနှစ်လုံးစသည်ဖြင့်ပါဝင်သော ပြည့်စုံကျန်းမာသည့် မျိုးဆက် တစ်ခု ရမည် ဖြစ်သည်။ လိုအပ်ချက်နှင့်ချို့ယွင်းမှုမရှိသော တိရစ္ဆာန်တစ်ကောင်ရမည်မှာ သေချာသည်။ ဤစမ်းသပ်မှုသည် ထိုကဲ့သို့ပြုလုပ်ပြီး စီးခဲ့ပြီးဖြစ်သည်။ ဤပြုလုပ်ခြင်းလုပ်စဉ်ကို ကျားနှင့်ခြသေ့်ကြားရှိ လမ်းကြောင်းကူး သန်း"မျိုးစပ်ပွားခြင်း"ဟုခေါ်သည်။ သင်သည် နွားနှင့်ကျွဲတို့ကိုလည်းကို ထိုကဲ့သို့ ပြုလုပ်နိုင်ပါသည်။ အဘယ့်ကြောင့်ဆိုသော်နွားနှင့်ကျွဲတို့သည် မိသားစုဝင်တစ်ခုတည်း မှလာသောကြောင့် ဖြစ်သည်။ သို့သော်လည်း အကယ်၍ သင်သည် နွားနှင့်ကျားအား မျိုးဆက်ရောနှောလိုက်မည်ဆိုလျှင် မည်သည့်တိရစ္ဆာန်ကိုမျှရမည် မဟုတ်ပေ။

သိပ္ပံအတတ်နှင့်သုတ်ရည်များကို အသုံးပြု၍ သက်ရှိသတ္တဝါကိုပြုလုပ်သော်လည်း မည်သို့မျှရမည် မဟုတ်ပေ။ အကြောင်းမှာ ထိုနွားနှင့်ကျွဲသည် ကွဲပြားခြားနားသော မိသားစုဝင်မှ လာသောကြောင့်ဖြစ်သည်။

သက်ရှိလူသားများမှာမူထိုသို့ မဟုတ်ပေ။ သင်သည် အသားအဖြူဆုံး၊ အရပ်အမြင့်ဆုံးဖြစ်သော ဥရောပလူနှင့် အာဖရိကမှ အသားမည်းဆုံး၊ အပုဆုံးသောသူအား လက်ထပ်ထိမ်းမြားပေးမည်ဆိုလျှင်လည်း ပုံမှန်ပြည့်စုံသော သက်ရှိတစ်ဦးထွက်လာမည်ဖြစ်သည်။ ထိုသို့ဖြစ်ရခြင်းမှာ လူသားမျိုးနွယ်သည် မိသားစုဝင်တစ်စုမှ ဆင်းသက်လာသောကြောင့်ဖြစ်သည်။ ဤအရာသည် ကျွန်ုပ်တို့အား သမ္မာကျမ်းစာမှ ဖော်ပြသော မိဘတစ်ခု တည်းမှဆင်းသက်လာသည့် မျိုးဆက်များဖြစ်ခြင်း အမှန်တရားကို အတည်ပြုစေပါသည်။ ဘုရားသခင်သည် ကမ္ဘာပေါ် ရှိ သက်ရှိများအား ၎င်းတို့အားလုံး၏အမျိုးအနွယ်အလိုက်ဖန်ဆင်းခဲ့ပါသည်။ ထို့ပြင် သူသည်လူသားကိုမူ လင်နှင့်မယား နှစ်ဦးတည်းကိုသာ ဖန်ဆင်းသည်။ ကျွန်ုပ်တို့အားလုံးသည် အာဒံနှင့်ဧဝမှ ဆင်းသက်လာ ကြသူများဖြစ်သည်။ ဤအမှန်တရားအား သင်ဆုပ်ကိုင်မည်ဆိုလျှင် ဤကဲ့သို့သော ထုံးတမ်းဓလေ့ကွဲပြားမှုများနှင့်အသားရောင်မတူညီမှုများကို သင်ဂရုစိုက်တော့မည် မဟုတ်ပေ။ အားလုံးသောဇစ်မြစ်သည်အစဦး၌ လူနှစ်ဦးကို ဖန်ဆင်းခြင်းသာ အဆုံးသတ်ကြောင်းတွေ့မြင်လာမည်ဖြစ်သည်။

ဘိုးဘေးဘီဘင်များအကြောင်းသိရန်ကြိုးစားသူ အချို့တို့သည်ရှေးမှမျိုးဆက် ၅ ဆက် သို့မဟုတ် ၆ ဆက်တိုင်အောင်သာ ခြေရာခံလေ့လာနိုင်ကြသည်။ ဖြစ်နိုင်ခြေအားဖြင့် သူတို့သည် သူတို့၏ ဘိုးဘွားများအကြောင်းခြေရာခံနိုင်ရာ တရုတ်နိုင်ငံရှိ စွာတော (Swatow) အမည် ရှိသော သူတို့၏ရွာကလေး သို့မဟုတ် အိန္ဒိယ(Kerala) ကယ်ရာလာအမည်ရှိသော ရွာအထိခြေရာခံနိုင်ပေမည်။ ထိုထက်ဝေးသော သမိုင်းကို မလေ့လာနိုင်ကြပေ။ ဤဘိုးဘွားဘီဘင်လေ့လာခြင်းသည် ကျေနပ်အားရမှုပေးနိုင်သော်လည်း တကယ့်မူလအရင်းအမြစ်ကို မရောက်နိုင်ပေ။ ကမ္ဘာဦးကျမ်း ၃ ကသာ လူသားအားလုံးသည် မိဘတစ်ခုမှ ဆင်းသက်လာသူများဖြစ်ကြောင်းဖော်ပြပါသည်။ ဤအရာသည် ကျွန်ုပ်တို့၏နောက်ဆုံးကျေနပ်အားရမှုဖြစ်သည်။ လူသားမျိုးနွယ်အားလုံးသည် မည်သည့်အရပ်မှလာကြောင်းကို ကျွန်ုပ်တို့သိပါသည်။ ကြားထဲရှိအချိန်ကာလ

များ၌ လူသားများမည်သို့ထင်ပေါ် လာကြောင်း နားမလည်လျှင်လည်း လူသားမျိုးနွယ်၏သမိုင်းဇစ်မြစ်အား တစ်ချက်တည်းဖြင့် နားလည်နိုင်ပါသည်။

## ကျွန်ုပ်တို့၏ လက်ရှိအခြေအနေဖော်ပြခံရခြင်း

ကျွန်ုပ်တို့၏ဇစ်မြစ်သိသောအသိပညာသည် ကျွန်ုပ်တို့ဘဝသေချာသော မြဲမြံမှုကိုပေးသည်။ ထိုအရာသည် ကျွန်ုပ်တို့ မည်သည့် အရပ်မှလာကြောင်း ပြသသည်။ ထို့အပြင် ကျွန်ုပ်တို့ ယနေ့မည်သူဖြစ်နေကြောင်းနှင့် အဘယ်ကြောင့်တည်ရှိနေကြောင်းကိုလည်း ရှင်းပြပါသည်။ ထို့အပြင် ကျွန်ုပ်တို့၏ပထမဆုံးမိဘအားဖြင့် အပြစ်ရှိကြောင်း ဖော်ပြသည်။ ကျွန်ုပ်တို့သည် နည်းလမ်း ၂ မျိုးအားဖြင့် တွေ့နိုင်သည်။ ပထမအချက်မှာ အာဒံ၏အပြစ်အားမျှဝေခံစားခြင်းဖြစ်သည်။ ဘုရားသခင်သည် အာဒံအား လူသားမျိုးနွယ်၏ဦးခေါင်းအဖြစ် ဖန်ဆင်းသည်။ ကျွန်ုပ်တို့ကိုယ်စားရပ် တည်သူဖြစ်သည်။ ဤအ ယူအဆကို သင်နှစ်သက်မည် မဟုတ်ပါ။ အာဒံ၏အပြစ်လုပ်ခြင်းနှင့်ပတ်သက်၍ ကျွန်ုပ်ရွေးချယ်စရာမရှိခဲ့ဟု သင်ကာကွယ်ပြောဆိုနိုင်ပါသည်။ သင်ကြိုက်သလို ငြင်း၍ ပြောသော်လည်း အမှန်တရားဖြစ်သော အာဒံ၌ သင်အပြစ်ရှိခြင်းသည် ကျန်ရစ်လျက်ရှိသည်။ ဘဝ၏မြောက်များစွာသောကဏ္ဍ၌ ဤအရာသည် မှန်ကန်ကြောင်း တွေ့မြင်ရပါသည်။ ဥပမာ အားဖြင့်ကြည့်မည်ဆိုလျှင် အကယ်၍ ကျွန်ုပ်တို့နိုင်ငံတော်ဝန်ကြီးချုပ်သည် ဂျပန်နိုင်ငံအား စစ်ကြေညာသည်ဆိုလျှင် ကျွန်ုပ်တို့နိုင်ငံသားမည်သူမျှ ဂျပန်နှင့်စစ်မဖြစ်ဟု ပြော၍မရပါ။ ဂျပန်သို့သင်သွား၍ ငါသည် ခရီးသွားသက်သက်ဖြစ်ကြောင်း၊ ငါသည် ဤစစ်ပွဲနှင့်မဆိုင်ဟုပြောသော်ငြားလည်း၊ ဂျပန်လူမျိုးများသည် သင်စကားကိုနားထောင်မည်ဟု သင်ထင်ပါသလား။သင်သတိမထားမိခင်တွင် ဂျပန်နိုင်ငံ၏ အကျဉ်းသားဘဝသို့ သင်ရောက်သွားမည်သာ ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ အားလုံး၏ ခေါင်းဆောင်ဖြစ်သော နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဆက်နွယ်နေ သောကြောင့်ဖြစ်သည်။ ထိုကဲ့သို့ပင် အာဒံသည် ကျွန်ုပ်တို့လူသားမျိုးနွယ်၏ ဦးခေါင်းကိုယ်စားပြုသူဖြစ်သည်။ သူသည် ဘုရားသခင်ကိုပြစ်မှားပြီး ပညတ်တော်ချိုးဖောက်ခဲ့သည့် အချိန်မှ ကျွန်ုပ်တို့အားလုံး သူနှင့်အတူ

ပြစ်မှားသော အပြစ်နှင့်အတူရှိနေခဲ့ကြပါသည်။

ဘုရားသခင်ကအပြစ်ရှိသည်ဟု သတ်မှတ်ရုံမဟုတ်ဘဲ ကျွန်ုပ်တို့ဘဝ၌ ထို အပြစ်၏ညစ်ညမ်းသောနောက်ဆက်တွဲပြဿနာ ရှိနေသည်။ ကျွန်ုပ်တို့သည် အာဒံနှင့် ဧဝမှဆင်းသက်သည့်အချိန်မှစ၍ သူတို့၏ကျရှုံးခဲ့သောသဘောသဘာဝအားမျှဝေခံ စားရသည်။ သူတို့သည် ဘုရားသခင် တားမြစ်ထားသည့် အသီးအားစားပြီး၊ ဘုရား သခင်ကိုပုန်ကန်သောအချိန်၌ တစ်စုံတစ်ရာဖြစ်ပွားခဲ့သည်။ သူတို့၏ လူဖြစ်ခြင်းသ ဘောသဘာဝသည် ရှုပ်ထွေးလာပြီး ညစ်ညမ်းလာသည်။ သူတို့သည် ဒုစရိုက်၊ အရှက် တရားနှင့် ကြောက်ရွံ့ခြင်းတို့ကို သိလာခဲ့သည်။ လိမ်ညာခြင်းကိုယ့် အပြစ်အတွက် သူများအား အပြစ်တင်ခြင်းနှင့်မြောက်များစွာသော အပြစ်များကျူးလွန်ခြင်းတို့ကို လုပ်လာကြသည်။ ထိုညစ်ညမ်းသော အပြစ်နှင့်အကျင့်သည် သူတို့၏သားစဉ်မြေး ဆက်၌ လည်းပါလာခဲ့သည်။ ကျွန်ုပ်တို့အားလုံးသည် သူတို့ထံမှ ဆင်းသက်လာသော သူများဖြစ်သကဲ့သို့ထိုသဘောသဘာဝသည် ရှုပ်ထွေးညစ်ညမ်းရခြင်းဖြစ်သည်။ ယခု အချိန်၌ လူများသည် မိဘများအား ပုန်ကန်ပြီး ခိုးခြင်းနှင့်လိမ်ညာခြင်းတို့သည် ထိုအ ရာမှာလာခြင်းဖြစ်သည်။ ဤအရာများအား သင့်ကလေးများတတ်ရန် သင်ပေးစရာ မလိုပေ။ သူတို့ကြီးပြင်းလာသည်နှင့်အမျှ ထိုအရာများကို သင်တွေ့မြင်ရပါလိမ့်မည်။ သူတို့၏အပြစ်များသည် သူတို့နေထိုင်သောပတ်ဝန်းကျင်မှ ရရှိခြင်း မဟုတ်ပေ။ ဤအပြစ်များသည် သူတို့ထံသို့သဘာဝတရားအားဖြင့် ရောက်ရှိခြင်းဖြစ်သည်။ အခြားသောသူများထံမှ ကူးစက်ခြင်းမဟုတ်ဘဲအဘယ့် ကြောင့်သင်တို့ကလေးများ အပြစ်လုပ်ကြကြောင်းကို သင်သိရန် လိုအပ်သည်။ ဤသို့ဖြစ်ရခြင်းမှာ သူတို့ ၌ ညစ်ပတ်ရှုပ်ထွေးသော သဘောသဘာဝမွေးကတည်းကရှိသောကြောင့်ဖြစ်သည်။ အခြားသောသူများထံမှ သင်ယူစရာမလိုဘဲ သင်ထင်သည့် အချိန်ထက်စော၍သူတို့ ထံ၌ ထိုအပြစ်များကို သင်တွေ့ရပါလိမ့်မည်။

ကလေးများသည် ကြီးထွားလာကြသည်။ သင်သည်လည်း ကလေးဘဝမှကြီး ထွားလာသည် မဟုတ်ပါလော။ ယနေ့ထိတိုင်ပို၍ဆိုးသောအရာများကိုသင်ပြု မိဖြစ်သည်။ သင်၏ သြတ္တပအတွင်းစိတ်သည် သင်ဘုရားသခင်ကို ပြစ်မှားခဲ့ကြောင်း သက်သေပြနေသည်။ သူပေးခဲ့သောပညတ်တရားများအား သင်ချိုးဖောက်ခဲ့သည်။

သင်၏အပြစ်ကြောင့် ဘုရားသခင်ရှေ့၌ သင်အပြစ်ရှိသောကြောင့်ဖြစ်သည်။ ကျွန်ုပ်တို့၏ ပထမဆုံးမိဘအပြစ် ကြောင့်အားလုံး အပြစ်ရှိကြပြီး ဖြစ်သည်။ ယခုဘုရားသခင်ရှေ့၌ ကျွန်ုပ်တို့သည် အပြစ်ရှိသောသူများဖြစ်သည်။ ကမ္ဘာဦးကျမ်း ၃ သည် ကျွန်ုပ်တို့နှင့်ပတ်သက်သော အနာဂတ်အကြောင်းအတွက် ဖြေရှင်းချက်ပေးသည်။ ၄င်းကျမ်းသည် ဘုရားသခင်ရှေ့၌ ကျွန်ုပ်တို့အပြစ်ရှိပြီး သူ၏သန့်ရှင်းသော အမျက်ဒေါသ သည် ကျွန်ုပ်တို့အပေါ် ၌ ရှိကြောင်းဖော်ပြပေးသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ရန်သူများဖြစ်သည်။ ဘုရားသခင်နှင့်နီးစပ်ရန် ကြိုးစားသောအခါတိုင်း ကျွန်ုပ်တို့သည်အဖွဲ့နှစ်ဖွဲ့ကြား၌ တည်ရှိသော ရန်ဘက်များ၏တွန်းအားကြောင့် ကျွန်ုပ်တို့အားနောက်ဆုတ်ရန်လုပ်မြဲဖြစ်သည်။ သူနှင့်နီးစပ်ရန် ကျွန်ုပ်တို့အနေဖြင့် မကြိုးစားနိုင်ပါ။ကျွန်ုပ်တို့၏အခြေအနေတစ်စုံတစ်ခုမပြုလုပ်မပြီးမချင်း သို့မဟုတ် သူ၏ ဖိတ်ခေါ် ခြင်းခံရန်သာ စောင့်ဆိုင်းပါ။ ဤအရာများသည် ယနေ့ ကျွန်ုပ်တို့တွေ့ကြုံနေကြရသော အကြီးမားဆုံးပြဿနာ ဖြစ်သည်။

## လမ်းသည်ကြိုတင်ဖော်ပြပြီးဖြစ်သည်

ကမ္ဘာဦးကျမ်း ၃ သည် ကျွန်ုပ်တို့၏ မူလဇစ်မြစ်အား ဖော်ပြသည်။ ထို့အပြင် ဘုရားသခင်ရှေ့၌ ကျွန်ုပ်တို့၏ လက်ရှိအခြေအနေနှင့် အဆင့်အတန်းကိုလည်း ဖော်ပြသည်။ ထိုနည်းတူစွာပင် ထွက်ပေါက်လမ်းကိုလည်း ဖော်ပြပေးပါသည်။ ဘုရားသခင်နှင့်ပြန်လည်သင့်မြတ်ရန် ကျွန်ုပ်တို့ လူသားများ သည်မည်သည့်အရာမှ မတတ်နိုင်ပေ။ သင့်အပေါ် ဘုရားသခင်မနှစ်မြို့လျှင် သင့်အသက်တာ သည် မည်သည့်အရာ ဖြစ်သနည်း။ ဤကမ္ဘာ၌ သင်နေထိုင်အသက်ရှင်သည့်နေ့တိုင်းသူ၏ကောင်းကြီးအကျိုးကျေးဇူးများကို သင်ခံစားရသည်။ သို့သော် သင်၏နေ့စဉ်အသက်တာ၌ ဘုရားသခင်၏ သန့်ရှင်းသော အမျက်တော်ကျရောက်ကြောင်း သင်သိသည်။ နေ့တိုင်း သင့်အပေါ် မကြည် ဖြူသောသင့်သူဌေးထံအလုပ်သွားနေရမည်ဆိုလျှင် သင်မည်သို့ အသက်ရှင်ရမည်ကို တွေးကြည့်ပါ။ ဘုရားသခင်ရှေ့တော် ရှိသင့်အပြစ်ဝန်ထုပ်အား သင်မချိုးဖျက်

ပါက သင်ကြာ ရှည်ခံနိုင်မည်လော။ များစွာသော သူတို့မပျော်ရွှင်နိုင်ရခြင်းမှာ ထိုသို့သော အကြောင်းများကြောင့်ဖြစ်သည်။ ဘုရားသခင်ရှေ့၌ ဩတ္တပစိတ်မကြည်လင်ကြသောကြောင့်ဖြစ်သည်။ အကယ်၍ အပြစ်၏ဝန်ထုပ် အရှက်တရားနှင့် ကြောက်ရွံ့ခြင်းတရားသည် သင့်အားမချိုးဖျက်လျှင်၊ အချိန်တန်လျှင်ဘုရားသခင်သည် သင့်အားချိုးဖျက်လိမ့်မည်။ သင်၏အပြစ်များသည် သင့်အားမှီလာလိမ့်မည်။ သေခြင်းတရားသည် သင့်ဆီသို့ရောက်လာလိမ့်မည်။ ကျွန်ုပ်တို့အားလုံးတွေ့ကြုံရမည့်တရားစီ ရင်ခြင်းနေ့ရက် ရောက်ရှိလာလိမ့်မည်။ ထို့နောက် မည်သည့်အရာ ဖြစ်မည်နည်း။ အဘယ်သို့သော ကောင်းကြီးများကမှ သင့်အားစောင့်ဆိုင်းနေမည် မဟုတ်ပေ။ ဘုရားသခင်ထံနှင့်ကောင်းသောအရာများမှ ခွဲခွာသွားရခြင်းကသာ သင့်ကိုစောင့်နေသည်။ အဆိုးရွားဆုံးသော ဆင်းရဲဒုက္ခနာကျင်ခံစားမှုကသာ သင့်ကိုစောင့်နေပေသည်။ သင်သည် မှောင်မိုက်ထဲသို့ ထာဝရသွတ်သွင်းခြင်းခံရမည်ဖြစ်သည်။

သို့သော် ကျေးဇူးတော်ကြောင့် ကမ္ဘာဦးကျမ်း ၃ သည်ထိုအရာကိုဖော်ပြခြင်းမဟုတ်ဘဲ ဘုရားသခင်နှင့် လူ၏ပြန်လည်သင့်မြတ်ခြင်းဖြစ်နိုင်မှုကိုလည်း ဖော်ပြပေးခဲ့သည်။ အပြစ်သားများအတွက် ဘုရားသခင်ပြင်ဆင်သော ကယ်တင်ခြင်းနည်းလမ်းကိုသင်တွေ့မြင်ရမည်ဖြစ်သည်။ ကျွန်ုပ်တို့အတွက် ကယ်တင်ရှင်လာမည့် အကြောင်း ဖော်ပြထားပြီးဖြစ်သည်။ သမ္မာကျမ်းစာမှ သင်ကြားပေးချက်ကို သိသူတိုင်းသည် ထိုကယ်တင်ရှင်မှာ ယေရှုခရစ်ဖြစ်ကြောင်းသိပြီးဖြစ်ပေမည်။ ခရစ်တော်ထံသို့ယုံကြည်ခြင်းရှိသူအတွက် တောက်ပသော အနာဂတ်လမ်းကို ဖော်ပြပြီးဖြစ်သည်။ ကျွန်ုပ်တို့၏အပြစ်များပယ်ဖျက်ပေးခြင်းခံရသည်။ ကျွန်ုပ်တို့၏အပြစ်များချီပင့်ခံရမည်။ ဘုရားသခင် ရှေ့မှောက်၌ အသစ်သော အခြေအနေရရှိပြီး၊ သူ၏လက်ခံခြင်းကိုလည်းခံရမည်ဖြစ်သည်။ ဤဖြစ်နိုင်ချေအားလုံးသည် ကမ္ဘာတစ်ဝှမ်းလုံး၏ကယ်တင်ရှင်ယေရှုအားဖြင့်သာ ဖြစ်နိုင်သည်။ ဤကမ္ဘာပေါ်၌ အသက်ရှင်ကျင်လည်သော ဘဝ သည်တိုတောင်းလှကြောင်း ကျွန်ုပ်တို့သိပြီး ဖြစ်သည်။ ကျွန်ုပ်တို့ကျန်ရှိသော ဘဝကိုကောင်းမွန်စွာ အသက်ရှင်လိုကြသည်။ ရည်ရွယ်ချက်ရှိရှိနှင့် အနာဂတ်၌ ပိုမိုကောင်းမွန်၍ တိကျသေချာသော ဘဝအားဖြင့် ကျွန်ုပ်တို့ ရှေ့ဆက်လိုကြ၏။ ဤအရာများသည် ဘုရားသခင်စေလွှတ်သော ကယ်တင်ရှင်ယေရှုအားဖြင့် သာဖြစ်

နိုင်သည်။ သူ၏ကားတိုင်ပေါ် အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းသည် သူ၏လူများ အားလုံးအတွက်ဖြစ်စေသည်။

ဤအရာများသည် ကမ္ဘာဦးကျမ်း၃၏ တစ်မူထူးခြားသော ရုပ်သွင်လက္ခဏာများဖြစ်သည်။ ကျွန်ုပ်တို့၏အတိတ်၊ ပစ္စုပ္ပန်နှင့်အနာဂတ်ကာလသည်လည်း ဖော်ပြပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ပိုမိုကောင်းမွန်စွာ နားလည်လာပြီး အကောင်းဆုံး အသက်ရှင်လာနိုင်ပါသည်။ ဤအမှန် တရားသည် ကမ္ဘာဦးကျမ်း၃မှထွက်လာသော မာတိကာများဖြစ်သည်။ အသေးစိတ်များအား ယခုဆက်လက် ကြည့်ရှုရန်လိုအပ် သည်။

□□□

# ၂။ စာတန်၏နည်းဗျူဟာ (သို့) နည်းပရိယာယ်

*"မြွေသည် ထာဝရအရှင် ဘုရားသခင် ဖန်ဆင်းတော်မူသော မြေ တိရစ္ဆာန်တကာတို့ထက် လိမ္မာသည်ဖြစ်၍၊ သင်တို့သည်ဥယျာဉ်ရှိသမျှသော အပင်တို့၏ အသီးကိုမစားရဟု ငကန်စင်စစ် ဘုရားသခင်မိန့်တော်မူသလောဟု မေး၏။" (ကမ္ဘာဦးကျမ်း ၃း၁)*

ကွန်ဖူးလက်စွဲစာအုပ်ကို တန်ဖိုးထား၍ သေချာစွာနှင့် ကောင်းမွန်စွာလေ့လာထိုက်သည်။ တန်ဖိုးကြီးလှသော ဆေးစပ်ရာပုံသေနည်းများကိုလည်းသေချာစိစစ်၍ နားလည်ဖို့ လိုအပ်သည်။ ပထမဆုံး ကျွန်ုပ်တို့သိသင့်သော အရာသည် စာတန်၏နည်း ဗျူဟာ ဖြစ်သည်။ စာတန်သည် ကျွန်ုပ်တို့၏ ပထမဆုံးသော မိဘအား လဲကျသွားစေရန် တိကျသော နည်းပရိယာ ယ်အသုံးပြုခဲ့သည်။ သူသည် ယနေ့လူများအား ထိုနည်းလမ်းကိုဆက်လက် အသုံးပြု၍ အပြင်းအထန်တိုက်ခိုက်နေပါသည်။ များစွာသော သူတို့သည် မည်သည်က မိမိတို့ကို ထိခိုက်စေနိုင်သည်ကို မသိဘဲလဲကျသူများစွာ ရှိသည်။ ခက်ခဲမှုတိုက်ပွဲနှင့် ကျော့ကွင်းကြောင်းသိသော်ကြလည်း ထိုအရာမှမည် သို့ထွက်ရမည်ကို မသိသောသူများစွာ ရှိသည်။ နတ်ဆိုးသည် လိမ္မာပါးနပ်ပြီး သူ့နယ်ပယ်များမှာလည်း အကန့်အသတ်နှင့်ဖြစ်ကြောင်းနှင့် သူ၏နည်း ဗျူဟာများကို ကျွန်ုပ်တို့နားလည်ရမည်။ သူသည် မမျှော်လင့်သော လှုပ်ရှားမှုနှင့်နည်းလမ်းအသုံးပြုသယောင်ပေါ်

သော်လည်း သူ၏အခြေခံနည်းဗျူဟာ များကိုကမ္ဘာဦးကျမ်း ၃ မှ နားလည် နိုင်ပါသည်။ သူ၏အဓိကအခြေခံနည်းဗျူဟာတွင် အချက် ၄ ချက်ပါဝင်သည်။

## သင်၏သတိမရှိခြင်းကိုဖမ်းယူခြင်း

စာတန်၏ ပထမဆုံးသော နည်းဗျူဟာသည် သင်သတိလက်လွတ်ဖြစ်ချိန်ကို ဖမ်းယူခြင်းဖြစ်သည်။ ကမ္ဘာဦးကျမ်း ၃ ၌ ဧဝအား ထိုကဲ့သို့ပင်ပြုမူခဲ့ကြောင်း တွေ့ရသည်။ လိမ္မာပါးနပ်သော မြွေအသွင်ပေါ် လာပြီး ဧဝအားစကားစတင်ပြောခဲ့သည်။ မြွေသည် ဘုရားသခင်ဖန်ဆင်းသော တိရစ္ဆာန်များထဲမှ တစ်ကောင်ဖြစ်သည်။ ကမ္ဘာဦး ကျမ်း ၁း၂၁ ၌ "တိရစ္ဆာန်မျိုးအလိုက်" ဖန်ဆင်းခဲ့သည်ဟု တွေ့ရှိရသည်။ ဆင်များ၊ ကုလားအုပ်များ၊ ငှက်များ စသဖြင့်တို့ဖြစ်သည်။ ထိုကဲ့သို့ပင် ဘုရားသခင်သည် အမျိုးမျိုးသော မြွေသတ္တဝါများအား ဖန်ဆင်းခဲ့သည်။ ဤဧဝအား စကားပြောသော မြွေသည် ထိုအမျိုးထဲမှ တစ်မျိုးဖြစ်သည်။

မြွေသည် ရှူးရှူးရှဲရှဲ သာမြည်နိုင်သည်။ သို့သော် ဤအဖြစ်အပျက်၌ မြွေသည် လူဘာသာစကားဖြင့် ပြောဆိုခဲ့၏။ ဤအရာ၌ ဧဝသည်မသင်္ကာမှုရှိသင့်သည်။ သတိဝီရိယရှိသင့်ခဲ့သည်။ သူမသည် ခြေတစ်လှမ်းနောက်ဆုတ်၍ သူမ၏ ခင်ပွန်းဖြစ်သူထံပြေးသွားခဲ့သင့်သည်။ ထို့နောက် အတူတကွ ဘုရားသခင့်ထံပြေးသွား၍ အကာအကွယ် ယူခဲ့သင့်သည်။ ကျမ်းစာထဲ၌ ဤကဲ့သို့ အခြားသောတိရစ္ဆာန် စကားပြောသည့်ကိစ္စ၊ ဗာလမ်၏မြည်းစကားပြောသောအချိန်ဖြစ်သည်။ ဤအကြောင်းအရာ၌ ဗာလမ်သည် မြည်းစကားပြောခြင်းကို နားမလည်ဘဲအလွန်ပင် အနှောင့်အယှက် အဖြစ် ခံယူခဲ့သည်။ အဘယ့်ကြောင့် ဧဝသည် ထိုကဲ့သို့မဖြစ်ခဲ့သနည်း။

ထိုအချိန်၌ ဧဝသည် အပြစ်ကင်းစင်နေမှုန်း ကျွန်ုပ်တို့နားလည် သဘောပေါက်ရမည်။ ထိုအချိန်မတိုင်မီ ဧဝသည် အမှားတစ်ခု မလုပ်ဖူးဘဲ ရှက်ခြင်း၊ အကြောက်တရားနှင့်အပြစ်လုံးဝ မရှိခဲ့ပေ။ သူမအား မြွေစကား ပြောသောအချိန်၌ အံ့အားသင့်နိုင်ပါသော်လည်း ထိုအရာ၏နောက်၌ မည်သည့်လက္ခဏာ ဆိုးကြီးရှိမည်ဟု ထင်ပုံမပေါ် ပေ။ မြွေပြောလိုက်သော စကားသာ သူမ၏စိတ်ထဲတွင် အသိပေးနေခဲ့သည်။

ဝေသည်ထိုကဲ့သို့ မြွေပြောလိုက် ခြင်း၏ထူးခြားမှုထက်ပြောလိုက်သောအရာကို ပို၍ စတင်စဉ်းစားလာသည်။ ထိုအချိန်သည် သူမအတွက်ကျဆင်းခြင်း၏အစပင်ဖြစ်ခဲ့သည်။ ထိုမြွေအား အသုံးပြုသော စာတန်မာရ်နတ်အား သတိမမူမိခဲ့ပေ။ စာတန်မာရ်နတ်၏မကောင်းသော ရည်ရွယ်ချက်အားလည်း မတွေ့မြင်ခဲ့ပေ။

ထိုသို့သောချဉ်းကပ်နည်းအားဖြင့် စာတန်သည်ယနေ့တိုင် အသုံးပြုလျက်ရှိသည်။ သတိမမူမိသောအချိန်အားဖြင့်ဖမ်းယူနိုင်ဖို့ သူရအောင်ကြိုးစားလိမ့်မည်။ လုံးဝထင်မထားသောနေရာ၌ သူပေါ်လာလိမ့်မည်။ ယနေ့ သင့်အားမည်သို့သော သင်သတိမမူမိချိန်၌ သူဖမ်းလိမ့်မည်ကိုစဉ်းစားပါ။ မြွေအဖြစ်သင့်ဆီ ရောက်လာပြီး စကားပြောမည်ဟု ထင်ပါသလား။ လုံးဝ မဟုတ်ပေ။ သင်သည် သတိဝီရိယနှင့် သင့်ရှေ့ရှုနေလိမ့်မည်ကို သူသိသည်။ သို့မဟုတ် သင့်အိမ်ရှိ အိမ်မြှောင် သို့မဟုတ် ခွေး သို့မဟုတ် ကြောင်အားဖြင့် သင့်ကိုစကားပြောမည်လော။ လုံးဝမဟုတ်ပေ။ စာတန်သည် ထိုမျှလောက်တုံးအသူ မဟုတ်ပေ။

ထိုသို့ဖြစ်လျှင် သူသည် မည်ကဲ့သို့ သင့်ကိုတိုက်ခိုက်မည်နည်း။ သူသည် မည်သို့သင့်ကိုတိုက်ခိုက်မည်ကို ပြောပါရစေ။ သင့်ကိုလူများ အသုံးပြု၍ သူစကားပြောလိမ့်မည်။ မီဒီယာများကို အသုံးပြု၍လည်းပြောလာနိုင်သည်။ မှားယွင်းသော ဘာသာရေးများနှင့် အတွေးများသုံး၍လည်း သင်၏အတွေးများအသိများ အားပြောင်းလဲရန် ကြိုးစားလိမ့်မည်။ လူများဖန်တီးထားသော မှားယွင်းသော ဩဝါဒခံယူထားသည့် အဖွဲ့နှင့်လူများသည် မျောက်မှဆင်းသက်လာသည်ဟု ယုံကြည်ထားသောအဖွဲ့မှ လူအမြောက်မြားစွာအား ဖြားယောင်းနိုင်ခဲ့သည်။ သို့သော် ကျွန်ုပ်တို့ နားထောင်သောသူများအား လေးစားသင့်သည်ဟု သင်ဆိုနိုင်ပါသည်။ ထိုအရာသည် ပြုလေ့ရှိသော ပြဿနာ ဖြစ်သည်။ သိပ္ပံပညာရှင်များသည်လည်း လေးစားထိုက်သောပုဂ္ဂိုလ်များဖြစ်သည်။ ထိုနည်းတူ နိုင်ငံရေးသမားများသည်လည်း လေးစားထိုက်သူများဖြစ်သည်။ ရုပ်မြင်သံကြားမှပြသောသရုပ်ဆောင်များ၊ သတင်းတင်ပြသူများနှင့် ဘာသာရေးခေါင်းဆောင်များသည်လည်း ထိုနည်း တူဖြစ်သည်။ အိမ်များ၊ ကားများအား သင်ဝယ်ယူလာချင်သည့်တိုင်အောင် ဆွဲဆောင်ပြောဆိုတတ်သော ကြော်ငြာသူများသည်လည်း အတူတူပင်ဖြစ်သည်။ ဤလူများသည် လေးစားထိုက် သူများဖြစ်သည်။ သို့သော် ကျွန်ုပ်

ဆိုလိုသည့်သဘောမှာ စာတန်သည် ဤလူတို့ကိုအသုံးပြု၍ သင့်အား ဘုရားထံနှင့် ဝိညာဉ်ရေးရာပိုင်းအကူအညီမှဝေးရာသို့ ဆွဲခေါ်နိုင်ရန် ကြိုးစားခြင်းဖြစ်သည်။

စာတန်သည် ဘုရားသခင်၏ ဖန်ဆင်းခံ ခွန်အားကြီးသောကောင်းကင်တမန်ဖြစ်ကြောင်း သတိရပါ။ ဘုရားသခင်အား ပုန်ကန်လာပြီးနောက် သူ့နောက်လိုက်များနှင့် ကမ္ဘာမြေသို့နှင်ထုတ်ပစ်ချခြင်းခံခဲ့ရသည်။ ဤကမ္ဘာအား အုပ်စိုးသောသူဟူ၍ ကျမ်းစာ၌ ဖော်ပြထားသကဲ့သို့ တတ်နိုင်သမျှ လူများအား ဆွဲဆောင်ပြီးသူ့အုပ်စိုးမှုအောက်၌ ထားချင်သည်။ စာတန်သည် တန်ခိုးကြီးသည်။ စာတန်သည် သင်ထင်ထားသည်ထက်ပို၍ လိမ္မာပါးနပ်သည်။ သင်မသိလိုက်သော အချိန်အခါ၌ သင့်အားစောင့်ဖမ်းလိမ့်မည်။ သတိရှိပါ။

## သွယ်ဝိုက်သောနည်းဖြင့် တိုက်ခိုက်ခြင်း

နောက်တစ်ဆင့် စာတန်၏တိုက်ခိုက်နည်းမှာ သွယ်ဝိုက်တိုက်ခိုက်နည်းဖြင့်ဖြစ်သည်။ ဧဒင်ဥယျာဉ်ထဲ၌ အာဒံထံသွားမည့်အစား ဧဝထံချဉ်းကပ်ခဲ့သည်။ သူ၏ပစ်မှတ်မှာ အာဒံဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သူသည် လူသားမျိုးနွယ်၏ ကိုယ်စားပြုသူဖြစ်သည်။ ဘုရားသခင်သည် ဧဝအား လူမျိုးနွယ်၏ကိုယ်စားလှယ်ခေါင်းဆောင်အဖြစ်မဖန်ဆင်းဘဲ အာဒံက ဖန်ဆင်းခဲ့သည်။ ထို့ကြောင့် ဧဝသည် တားမြစ်ထားသော အသီးကိုစားသော အခါ၌ သူတို့နှစ်ယောက်၏မျက်စိမပွင့်ဘဲ အာဒံစားပြီးမှသာပွင့်ခဲ့သည်။ (အငယ် ၆–၇)။

ဧဝအား အသုံးပြုခြင်းအားဖြင့် သူအတိုက်အခိုက်ခံရမည့်အကြောင်း သူမသိခဲ့ပေ။ ထိုအချိန်၌ ဧဝနှင့်အာဒံ၏မိန်းမ သူနှင့်အနီးကပ်ဆုံး "သူငါ့အရိုးထဲကအရိုး ငါ့အသားထဲကအသား"ဖြစ်သည်။ သူတို့ ၏ကျရှုံးခြင်း၌ ဧဝသည် စာတန်၏အသုံးခံတန်ဆာပလာအဖြစ် သူသည် လုံးဝမမျှော်လင့်ထားမိပေ။

စာတန်သည် လိမ္မာပါးနပ်သော ရန်သူဖြစ်သည်။ သူသည်သင့်ထံသို့တိုက်

ရိုက်လာမည် မဟုတ်ပေ။ သင်နှင့်နီးသော အရာ သို့မဟုတ် နီးသော သူအားဖြင့် သင့်အား မြှားလိမ့်မည်။ သူသည် ဧဝအားချဉ်းကပ်ချိန်၌ ဧဝအား မေးခွန်းမေးခဲ့သည်။ ဧဝသည် သူ့အား လျစ်လျူရှုခဲ့သင့်သည်။ စာတန်အား မည်သည့်နည်းနှင့်မျှ လောက ဝတ်သဘောတရားဖြင့်ဖြစ်စေ လက်ခံစကားမပြောသင့်ပါ။ သို့သော် ဧဝသည် ထိုအရာ အား လုပ်ခဲ့သည်။ စာတန်၏ မေးခွန်းအားဖြေခဲ့သည်။ စာတန်သည် သူမ၏တုံ့ပြန်မှုကို လိုချင်ခဲ့သည်။ သူ့အား အော်ဟောက်ခြင်း သို့မဟုတ် သဘောမတူညီခြင်းရှိခဲ့လျှင် ပြဿနာ ဖြစ်ခဲ့မည် မဟုတ်ပေ။ သူလိုချင်ခဲ့သောအရာမှာ ဧဝ၏ တနည်းတနည်းဖြင့် ပြန်လည်တုံ့ပြန်စကားပြောမှုဖြစ်သည်။ တံငါသည် ငါးများသည့်ပုံစံနည်းတူကြိုးတံအား ရေထဲပစ်ချလိုက်ပုံနှင့်တူသည်။ ငါးသည်လာ၍ ထိုငါးမျှားချိတ်အားလာစစ်ဆေးသည်။ တံငါ၏လိုချင်သည့်အရာမှာ ငါးသည်ထိုငါးစာကိုသာဟပ်ရန်ဖြစ်သည်။ မည်သည့်အ ရပ်မှလာမည်၊ ဘယ်ဘက် သို့မဟုတ် ညာဘက်သော်၎င်း၊ အောက်ဘက် သို့မဟုတ် အပေါ်မှဖြစ်စေဂရု မစိုက်ပေ။ သူလိုချင်သောအရာမှာ ငါးစာအားလာဟပ်ရန်ဖြစ် သည်။ ငါးလာဟပ်သည်နှင့် ချိတ်သည်သူ့ပါးစပ်အား ထိုးဖောက်တွယ်သွားမည်။ ထို အရာကိုသာ တံငါသည်ဖြစ်စေချင်သောအရာဖြစ် သည်။ ထို့နောက် ငါးအားမြန်မြန် သို့မဟုတ် နှေးကွေးစွာဖမ်းယူနိုင်ပြီး ဖြုတ်၍ ကြော်နိုင်သည်။ စာတန်သည် သင့်ကိုချိပ်ဖြင့် မိစေချင်ပါသည်။ သူသည် ထိုသွယ်ဝိုက် တိုက်ခိုက်သော နည်းဖြင့် လုပ်လိမ့်မည်။

ယနေ့မြောက်များစွာသောလူများသည် စာတန်၏ချိပ်၌ မိနေကြသည်။ ဤအရာသည် သူတို့၏ လုပ်ငန်း၊ ကျန်းမာရေး၊ အပန်းဖြေမှု သို့မဟုတ် သူတို့ကလေး၏ ပညာရေးမှလာသည်။ အများစုသည် သူတို့၏လုပ်ငန်း၌ မိနေကြပြီး အခြားသော အရာအတွက် အချိန်မပေးနိုင်တော့ပေ။ အချို့သည်လူမျိုးရေး၊ နိုင်ငံရေး သို့မဟုတ်လူမှု ရေးကိစ္စများ၌ မိနေကြပြီး၊ ဝိညာဉ်ရေးရာအတွက် ဂရုမစိုက်နိုင်တော့ပေ။ အချို့ သောသူများသည် သူတို့၏ကျန်းမာရေး၌ လုံးလုံးလျားလျားခွန်အားနှင့် ပိုက်ဆံပေး ကာအား ဆေးသုံးခြင်းနှင့် လေ့ကျင့်ခန်းအားကစားစသဖြင့် ပြုလုပ်ကြသည်။ အချို့မှာမူ သူတို့ကလေးပညာရေး၌ အာရုံစိုက်နေပြီးသူတို့ဝိညာဉ်ရေး သို့မဟုတ် သူတို့ကလေး ဝိညာဉ်ရေးအတွက် သတိမမူကြတော့ပေ။ သင့်ကလေးများအား သင်ပို့နေသောအရာ

များအားတွေးကြည့်ပါ။ ကျူရှင်၊ စန္ဒယားသင်တန်း၊ ဘဲလေးကသင်တန်း၊ ကိုယ်ခံပညာသင်တန်း၊ ရေကူးသင်တန်း၊ စိတ်ပိုင်းဆိုင်ရာသချာ်အတတ်၊ ကွန်ပျူတာသင်တန်း၊ အနုပညာသင်တန်း စသဖြင့်မပြီးဆုံးနိုင်သော စာရင်းဇယားထွက်လာပါသည်။ ဤပညာများ သင်ကြားစေချင်သည်မှာ မမှားပါ။ ကျောင်းပညာ ရေးအပြင်အခြားသော အတတ်ပညာ စိတ်ဝင်စားခြင်းသည် ကောင်းသောအရာ ဖြစ်သည်။ ထိုသို့ဖြစ်ရခြင်း၌ မှားယွင်းစေသောအရာမှာ မည်သည့်အရာ ဖြစ်သနည်း။ ထိုအရာများသည် မဖြစ်မနေလုပ်ရမည့်အရာများ ဖြစ်လာသည်။ ကျွန်ုပ်တို့သားသမီးများ၏ပညာရေးသည် ကျွန်ုပ်တို့အား အသက်ရှင်စေသည့်အရာ ဖြစ်လာသည်။ အချို့သောသူများ မည်မျှလောက် ထိုဧရိယာ၌ သွားမည်ကိုကြည့်ပါ။ သူတို့ပိုင်မြေများ၊ ကားများ၊ အိမ်များနှင့် နိုင်ငံရပ်ခြားမှနေရာများအား သူတို့သားသမီးများ အတွက်ရောင်းရန်အသင့်ဖြစ်ကြသည်။ တစ်ကြိမ်တည်း၌ သူတို့၏ ဝိညာဉ်များအား ရောင်းလိုက်ကြောင်း မသိကြပေ။

ဤအရာသည် မမှန်ပေဘူးလား။ သင့်ကလေးအတွက် ပိုကောင်းသော ဝိညာဉ်ရေးအတွက် အသုံးပြုခဲ့သောအချိန်နှင့် ပိုက်ဆံအား စဉ်းစားပါ။ ထိုအရာသည် သူတို့၏ ဝိညာဉ်ရေးလိုအပ်မှုများ ဖြည့်ဆည်းပေးမှုနှင့်ယှဉ် ကြည့်ပါ။ ညနေခင်းတိုင်း မိသားစု ဆုတောင်းရှိပါသလား။ သင့်ကလေးများအား ကျမ်းစာအကြောင်း သင်ပေးပါသလား။ ဆုတောင်းခြင်းနှင့်ကျမ်းစာအလွတ်ကျက်ခြင်းများအား သင်ပေးဖူးပါသလား။ သူတို့၏ကယ်တင်ခြင်းတရားအတွက် ဆုတောင်းပေးဖူးပါသလား။ များစွာသောမိဘများသည် ဤအရာ၌ ကျဆုံးနေကြသည်။ သူတို့သည် နတ်ဆိုး၏ချုပ်ကိုင်မှုများခံနေကြသည်။ စာတန်သည် သူတို့အား ကလေး၏ပညာရေးဖြင့် သို့မဟုတ် အခြားသောအမှုများအလေးထားလွန်ခြင်းအားဖြင့် သွယ်ဝိုက်၍ တိုက်ခိုက်နေပါသည်။ သတိရှိပါ။ စာတန်၏ရည်ရွယ်ချက်မှာ သင့်ထံမှ ပြန်ကြားခြင်းဖြစ်သည်။ သင့်အာ ရုံစူး စိုက်မှုအား ရယူလိုချင်သည်။ သင့်အားချိပ်မိချင်သည်။ ချိပ်မိလျှင်နှင့် တစ်ပြိုင်နက်တည်း သင့်အား နှေးနှေး (သို့မဟုတ်) မြန်မြန်မသိမှတ်နိုင်စွာ (သို့မဟုတ်) ကဗျာဆန်ဆန် သော်ငှင်း လမ်းလွဲစေလိမ့်မည်။

## နှုတ်ကပတ်တော်အားမေးခွန်းထုတ်ခြင်း

မာရ်နတ်သုံးသောတတိယအဆင့်သည်သင့်အား ဘုရားသခင်၏နှုတ်ကပတ်တော်အပေါ် မေးခွန်းထုတ်စေခြင်းဖြစ်သည်။ သူသည် ဤကဲ့သို့သော မေးခွန်းများအား မေးစေလိမ့်မည်။ သမ္မာကျမ်းစာသည် အမှန်တကယ် ဘုရားသခင်၏နှုတ်ကပတ်တော်ဟုတ်ပါသလား။ ထိုသမ္မာကျမ်း၏ သွန်သင်ချက်သည် တကယ်မှန်ကန်မှုရှိပါသလား။ ကျွန်ုပ်၏ဘဝအားလမ်းပြဖို့ရန် လုံလောက်မှုရှိပါသလား။ သခင်ယေရှုတစ်ပါးတည်းသာ ကိုယ်တော်ဘုရားထံသွားနိုင်မည့် တစ်ခုတည်းသောလမ်းဖြစ်ပါသလား။ အမှန်တကယ်လုပ်လျှင်လည်း အန္တရာယ်မရှိမှာ သေချာပါသလား။ အမှန်တကယ်မလုပ်လျှင်လည်း အဆင်ပြေမည်မှာ သေချာပါသလား။ ထိုအရာများသည် သင့်အား ချဉ်းကပ်စဉ်သုံးခဲ့သောအရာများဖြစ်သည်။ သူသည် ဧဝထံလာ၍ချဉ်းကပ်စဉ်တွင် ဤအရာအား "ဘုရားသခင်အမှန်တကယ်မိန့်တော်မူသလော" ဟုမေးခဲ့သည်။ ဧဝ၏စိတ်နှလုံးထဲ၌ ဘုရားသခင်၏ နှုတ်ကပတ်တော်အား သံသယမျိုးစေ့ချခဲ့သည်။

သမ္မာကျမ်းစာအပေါ် သင်၏ယုံကြည်ချက် အပေါက်ကဲ့သို့ ဖြစ်သွားသောအခါ ဘုရားသခင်အပေါ်ထားရှိသော သင်၏ယုံကြည်ချက်လှုပ်၍ သွားမည်ကို စာတန်သိ၏။ သင့်ဘဝ၌ သမ္မာတရား၏သြဇာမရှိတော့သော အချိန်နှင့်တစ်ပြိုင်နက်တည်း မြောက်များစွာသောအမှားများသည် လွယ်ကူစွာမိတ်ဆက်လာလိမ့်မည်ကိုလည်း သူသိသည်။ အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်၏ နှုတ်ကပတ်တော်သည် ကျွန်ုပ်တို့ ယုံကြည်ခြင်း၏အခြေခံဖြစ်သည်။ ယုံကြည်ခြင်းရှိသည်ဆိုသည်မှာ ဘုရား၏စကားအပေါ် မှတ်သားလိုက်နာခြင်းဖြစ်သည်။ ဘုရားသခင်ပြောသောကြောင့် ကျွန်ုပ်တို့ ယုံကြည်ရခြင်း ဖြစ်သည်။ ဘုရားသခင်၏စကားအပေါ် သင့်ယုံကြည်မှုပျောက်ချိန်သည် ဘုရားအပေါ် သင့်ယုံကြည်ချက်ကင်းမဲ့လာခြင်းဖြစ်သည်။ ထိုအရာသည် စာတန်၏ တိကျစွာပြုလုပ်လိုသောအရာဖြစ်သည်။ ဘုရားသခင်ကို သင်သည် တဖြည်းဖြည်းကိုးစားခြင်းမှ ယုတ်လျော့စေခြင်းကို သူလိုချင်သည်။ မှန်ပါသည် သင်၏ကျောက်ဆူးပို၍ လျော့လာလေလေ သင်သည်လွယ်ကူစွာရွေ့လျားနိုင်လေဖြစ်သည်။

သူတို့၏ယုံကြည်ခြင်း၌ အင်မတန်မှ ခွန်အားကြီးခဲ့သော သူများ ကိုသိခဲ့ကြသော်လည်း ယနေ့ ထိုသူများလဲကျနေသည်ကို ကျွန်ုပ်တို့တွေ့ခဲ့ရပါသည်။ သူတို့၏ယုံကြည်ခြင်းအကြောင်းလည်း ကျယ်လောင်စွာပြောခဲ့ကြပြီး၊ သူတို့အမြင်များလည်း ရဲရင့်စွာဖွင့်ဟခဲ့ကြသော်လည်း ဘုရားသခင်၏နှုတ်ကပတ်တော်၌ ကျောက်ဆူးချသကဲ့သို့ ခိုင်မာမှုမရှိခဲ့ပေ၊ သူတို့၏ ပြင်းထန်သော အမြင်နှင့်အယူအဆများသည် သမ္မာတရား သင်ကြားပေးမှုထက်သူတို့ထင်သော ဖြစ်နိုင်သည့်အရာမှလာသည်။ ထက်မြက်ပြီး လိမ္မာပါးနပ်စွာ စကားပြောတတ်သောသူနှင့် တွေ့သောအခါ သူတစ်ပါးအား လွှမ်းမိုးနိုင်သူဖြစ်လျှင်လည်း ယိုင်နဲ့နေတတ်သည်။ သူတို့၏ပြင်းထန်သော အမြင်များသည်လည်း အငွေ့ကဲ့သို့ပျံတက်ပျောက်ကွယ်သွားသည်။ သူတို့၏ ယခင်က တိုက်ခိုက်ခဲ့သော သူများ၏ အခြေအနေကဲ့သို့ ယနေ့ရောက်ရှိ လာကြသည်။ ဤအရာသည် လျင်မြန်စွာ ဖြစ်ပွားသည်။ ပို၍ ကောင်းမွန်သော အခြေအနေသို့ ပြောင်းလဲမလာဘဲ ပို၍ဆိုးဝါးသော အဖြစ်သို့ရောက်ကြသည်။ ရှုပါရုံမြင်ပြီး ပရောဖက်ပြုသကဲ့သို့ ကြွေးကြော်သူများသည် သမ္မာတရား ဩဇာအာဏာ၌ မတည်မြဲသူဖြစ်လာကြသည်။ ထာဝရဘုရား၏ဂရုဏာတော်သည် သူတို့အပေါ် သက်ရောက်ပါစေသော်။

သမ္မာတရား၏သင်ကြားချက်မှ မလွဲပါစေနှင့်။ သမ္မာကျမ်းစာသည် လူတွေထံ ဘုရားသခင်၏ နှုတ်တော်ထွက်စကား ဖြစ်သည်။ သမ္မာကျမ်းစာ အား တိုင်တည်သော သူများသည် သမ္မာကျမ်း၏သင်ကြားချက်ကိုသာ ပြောတတ်ကြသည်။ ထို့ကြောင့် ဤသို့သမ္မာကျမ်းစာ၌ တည်တံ့တိုင်တည်ခြင်းအားဖြင့် မှားယွင်းသောအရာများ ပျံ့နှံ့စေတတ်သူများကိုကြောက်ရန် မလိုပေ။ လူများ၏အာရုံအား ကျမ်းစာသို့ တိုက်ရိုက်ညွှန်ပြသောအခါဖြစ်တတ်သောအရာမှာ ရိုးသားပြီးအာရုံခံစားလွယ်သော သူသည် မြန်မြန် ဆန်ဆန် ရှာဖွေတွေ့ရှိလိမ့်မည် မဟုတ်ပါ။ သင့်ကို ကျမ်းစာလေ့လာခြင်းမှလွဲစေသောသူများအား ပို၍စိုးရိမ်မိပါသည်။ ဤစာတန်၏ ပရိယာယ်အား သင်သတိထားပါ။

## ကာမဂုဏ်အာရုံခံစားမှု အသုံးပြုခြင်း

နောက်ဆုံးအဆင့် အနေနှင့် စာတန်၏နည်းမှာ သင်၏ ကာမဂုဏ်ခံ စားခြင်း အားအသုံးပြု၍ ဖြစ်သည်။ သူသည်ဧဝအား မည်သို့ပြုလုပ် ခဲ့ရသည်ကို သင်သိပြီးဖြစ်သည်။ ကမ္ဘာဦးကျမ်း ၃း၆ ၌ "ထိုအပင်သည် စားဖွယ်ကောင်းခြင်း၊ အဆင်းလှခြင်း၊ ပညာတိုးပွားစေလိုသောငှာ နှစ်သက်ဖွယ်သော အပင်ဖြစ်ခြင်းကို မိန်းမသည်မြင်လျှင် အသီးကိုယူ၍ စား၏"ဟုတွေ့ရသည်။ ထိုအပင်မှအသီးအား မည်သူမကြိုက်ဘဲနေမည်နည်း။ အသီးသည် "စားဖွယ် ကောင်းခြင်း" "အဆင်းလှခြင်း" နှင့် "ပညာတိုးပွားစေ"သည်။ သို့သော် သင်၏လက်ကိုဆန့်၍ ထိုအသီးကို မခူးခင်ခဏမျှရပ်လိုက်ပါအုံး။ ထိုအသံသည် ကြားဖူးသယောင်ယောင်ရှိပါသလား။ ကျွန်ုပ်တို့အား တမန်တော်ယောဟန်သတိပေးခဲ့သော ပထမဆုံး ပေးစာအားပြန်သတိရစေပါသလား။ သင့်ကိုကိုယ်ခန္ဓာ ၏ တပ်မက်ခြင်း၊ မျက်စိတပ်မက်ခြင်း၊ လောကီ စည်းစိမ်ဝါကြွားခြင်း တို့သည် ခမည်းတော် နှင့်မဆိုင်လောကနှင့်သာ စပ်ဆိုင်ကြသည်ဟုသတိပေးပြော ဆိုခဲ့သည်။ မှန်ပါသည်။ အသွေးအသား၏ တပ်မက်မှု၊ မျက်စိတပ်မက်မှုနှင့် ဘဝ၏မာန်မာနတို့ ဖြစ်ပါသည်။ စာတန် သည် ဤနည်းသုံးခြင်းဖြင့် ချဉ်းကပ်ပါလိမ့်မည်။ ဤကဏ္ဍများ၌ သင့်အားညှို့ဖို့ရန် ကြိုးစားလိမ့်မည်။

ဧဝမှာမူ ထိုတမန်တော်ယောဟန်၏ စကားအား မကြားလိုက်ရပေ။ သို့သော် ဘုရားသခင်၏ စကားများသည် သူမနားထဲ၌ ပဲ့ထင်ထပ် နေခဲ့သည်။ အာဒံနှင့်ဧဝအား ဘုရားသခင်သည် "ထိုအပင်၏ အသီးကို ကားမစားရ၊ စားသောနေ့တွင် ဧကန်အမှန်သေရမည်ဟု" ပညတ်ထားခဲ့သည်။ (ကမ္ဘာ ၂း၁၇) ဧဝ၏ အပြစ်ကင်းသော အခြေအနေ၌ ရှိစဉ်ပင်လျှင် သူမကို ကာမဂုဏ်ခံစားခြင်းအားဖြင့် စုံစမ်းခဲ့သည်။ အသီးအား စွဲမက်ဖွယ်ကောင်းလောက်အောင် တွေ့မြင်သည်။ သူမသည် ထိုအသီးအား စားဖွယ်ကောင်းပြီး အဆင်းလှရုံမက သူမအားပညာတိုးစေမည်ဟုတွေ့ မြင်ခဲ့သည်။ သူမ၏နေရာ၌ သင်ဖြစ်နေလျှင် သင်မည်သို့ပြုလုပ်မည်နည်း။ သင်လည်း ဘဲကျရှုံး မည် မဟုတ်လား။ သင်၏ကျဆုံးသော သဘောသဘာဝဖြင့်ပို၍ လွယ်ကူသည် မဟုတ်သလော။

□□□

မှန်ပါသည်။ စာတန်၏ကျော့ကွင်း၌ မြောက်မြားစွာသောသူများ လဲကျ၊ ကျရှုံးခဲ့ကြသည်။ အများစုမှာ သူတို့၏အပြစ်များကြောင့် လောင်ကျွမ်း ကြပြီး မိမိကိုယ်ကိုထိန်းချုပ်နိုင်မှု ကင်းမဲ့သွားသည်။ ဘုရားသခင်၏ သတိပေးချက်များအား လျစ်လျူရှုခဲ့ကြသည်။ ကားအသစ်နှင့်ဈေးကြီးသော အထည်များအားဝယ်ယူပြီး၊ အကြွေးနှင့်အသက်ရှင်နေကြသည်။ မှားယွင်းသော ကုမ္ပဏီနှင့်ပူးပေါင်းမိပြီး အသွေးအသား၏လိုချင်တောင့်တမှု၌ တွယ်ငြိနေကြသည်။ သူတို့ကိုယ်သူတို့ မထိန်းချုပ်နိုင်ဘဲ မလုပ်ခဲ့လျှင်ကောင်းသားဟု နောင်တရမည့်အရာများ ပြုလုပ်ခဲ့ကြသည်။ "တယ်အတဲ့ ငါပါလား" ဟု မြည်တမ်းကြသည်။ သို့သော် နောင်တရခြင်းသည် အလွန်မှနောက်ကျသောအရာ ဖြစ်သည်။ သင်ကျရှုံးပြီး ဖြစ်သည်။ သင်၏ ကြိုးစားပမ်းစား ဒုစရိုက်များကိုဖုံးကွယ်ရန် ကြိုးစားမှုသည် သင့်ဩတ္တပစိတ်၏အပြစ်ကို မချေဖျက်နိုင်ပေ။ ထိုမျှမက ဘုရားသခင်နှင့်ခွဲခြားခြင်းဟူသည် ဝိညာဉ်သေခြင်းအား သင့်ဆီတွေ့ကြုံမည်။ သေခြင်းတရားနှင့် ယိုယွင်းပျက်စီးမှုမရှိဘဲပို၍ ကြီးမြတ်သော ဘုန်းဖြင့် ကောင်းကင်၌ စိုးစံကောင်းစိုးစံနိုင်ပါမည်။ ထို့အပြင် အပြစ်တရားနှင့် သေခြင်းအား လူမျိုးနွယ်အားလုံးဆီသို့သယ်ဆောင်လာခဲ့ကြသည်။

ယနေ့စာတန်သည် အာဒံနှင့်ဧဝ၏ သားသမီးများအား ဆက်၍ကျော့ကွင်း၌ ကျော့မိရန် ကြိုးစားလျက်ရှိသည်။ သူသုံးခဲ့ပြီးသော နည်းလမ်းအား ဆက်၍ အသုံးပြုနေသည်။ သို့သော် ကွဲပြားသောအသွင်ဖြင့်ဖြစ်နိုင်သော်လည်း တူညီသောနည်းပရိယာယ်ဖြစ်သည်။ အဆင့်များအားလုံးသည် အတူတူဖြစ်သည်။ သင်၏သတိမမူခြင်းအားဖြင့် သင့်အားဖမ်းမည်၊ သွယ်ဝိုက်သောနည်းဖြင့် သင့်အားတိုက်ခိုက်မည်။ ဘုရားသခင်၏ နှုတ်ကပတ်တော် အပေါ် သံသယရှိလာပြီး မေးခွန်းထုတ်လာစေမည်။ သင်၏ ကာမဂုဏ်အာရုံအားဖြင့်လည်း သွေးဆောင်လိမ့်မည်။ သင်ကျရှုံးခဲ့သောအရာများသည် ဤအချက်များကြောင့်ဖြစ်သည်။ လူအများ၏ခါးသီးသောအတွေ့အကြုံကိုရှင်းပြရုံမက သင့်ဝိညာဉ်၌ ငြိမ်သက်ခြင်း မရှိစေသောအရာများလည်း ဖြစ်သည်။

# ၃။ လူ၏မိုက်မဲခြင်း

*"ထိုအပင်သည် စားဖွယ်ကောင်းခြင်း၊ အဆင်းလှခြင်း၊ပညာတိုးပွားစေလိုသော်ငါ နှစ်သက်ဖွယ်သောအပင်ဖြစ်ခြင်းကို၊ မိန်းမသည် မြင်လျှင်အသီးကိုယူ၍ စား၏။ မိမိခင်ပွန်းအားလည်း ပေး၍ သူသည်လည်းစား၏။ "(ကမ္ဘာဦးကျမ်း ၃း၆)*

စာတန်သည်အဘယ့်ကြောင့်လူများအား ချဉ်းကပ်ရာ၌ တူညီသော အခြေခံနည်းများ သုံးမြဲသုံးနေသနည်း။ ပထမ အကြောင်းတရားသည် အဘယ့်ကြောင့်ဆိုသော် သူ၏လက်နက်သည် အကန့်အသတ်ရှိသောကြောင့် ဖြစ်သည်။ လက်နက်အရေအတွက်သည် ကန့်သတ်နှင့်ပြီးဖြစ်သည်။ သူ၏ သဘောသဘာဝတရားမှ ကွဲပြားစွာမလှုပ်ရှားနိုင်ပါ။ သူသည် လိမ်မြဲလိမ်ပြီး လိမ်လည်ကာ ဝိညာဉ်များအား သတ်နေလိမ့်မည်။ သူတန်ခိုးအာဏာ ရှိသည်မှာ မလွဲပေ။ သို့သော် တန်ခိုးအာဏာအား ဘုရားသခင်သည် ကန့်သတ်ပေးထားသည်။

စာတန်သည် သူသုံးနေကျ နည်းပရိယာယ်သုံးရခြင်း၏ ဒုတိယအကြောင်းတရားမှာ လူသည် သူ၏သဘောသဘာဝအား ဆန့်ကျင်၍ မရကြောင်း သူသိသည်။ လူသည် မိဘများထံမှတူညီသော အပြစ်၊ မိုက်မဲသောသဘောသဘာဝအား အမွေဆက်ခံရသည်။ အာဒံနှင့်ဧဝ လဲကျ သကဲ့သို့ပင်၊ လူသည် စာတန်လက်၌ လဲကျမြဲဖြစ်

သည်။ တွေးကြည့်လိုက်ပါ။ ဤကဲ့သို့ အာဒံ၏သားမြေးစဉ် ဆက်များသည် တစ်ပုံစံတည်း တစ်ယောက်ပြီး တစ်ယောက်လဲကျနေသည်ကိုမည် မျှစာတန်ရယ်နေပါမည်နည်း။ စာတန်၏နည်းပရိယာယ် ၄ ဆင့်ရှိသကဲ့သို့လူ၏ဇာတ်ရုပ်၌ ကံဆိုးမိုးမှောင်ကျခြင်း ၄ ဆင့်ရှိပါသည်။

## တားမြစ်ထားသောအသိပညာအားလိုချင်ခြင်း

*ပထမအချက်အနေဖြင့် ကျွန်ုပ်တို့လူသည် အမြဲတမ်းလိုလိုပင် တားမြစ်ထားသော အသိပညာအား မိုက်မဲစွာလိုချင်ကြကြောင်း သိနိုင်သည်။ အလွန်လိုချင်သိချင်မြင်ချင်ခြင်းသည် ကြွက်ကိုကြောင်များက သတ်သကဲ့သို့ဖြစ်သည်။ လူသည် ဤကဲ့သို့ပင်ဖြစ်သည်။ အပြစ်ကသတ်၍ သေသည့် အသက်ထက် အသက်သည် အပြစ်ကိုသေစေပါသည်။ အာဒံနှင့်ဧဝ၌ မည်သည့်အရာ ဖြစ်ပျက်ခဲ့သည်ကိုတွေးတော စဉ်းစားကြည့်ပါ။ စာတန်သည် ဧဝအား "မြွေက သင်တို့သည်ဧကန်အမှန်သေရမည်မဟုတ်ပေ။ အကြောင်းမူကား၊ ထိုအသီးကိုစားသောနေ့၌ သင်တို့သည် မျက်စိပွင့်လင်းလျက်ကောင်း မကောင်းသိ၍ ဘုရားသခင်ကဲ့သို့ဖြစ်ကြလတ္တံ့ " ဟုဆို၏။*

*(ကမ္ဘာဦးကျမ်း ၃း၄–၅)*

စာတန်သည် ဧဝထံ၌ ဘုရားသခင်သည် ကောင်းသောအရာအားသူတို့ထံမှ မပေးဘဲထားသည်ဟု ပြောသောအရာနှင့် ပတ်သက်၍ မဖြစ်နိုင်ကြောင်းကို သူမသိပေလိမ့်မည်။ သို့သော် သူမ၏ အလွန်တရာ စူးစမ်းသိလိုသောစိတ်ပေါ် လာပြီး သူမ၏ အာရုံများသည် အသက်နှင့် ရောနှောသွားသည်။ စာတန်သည် ဘုရားသခင်၏အမည်နာမကိုအသုံးပြုသောကြောင့် ထိုမျှလောက် သူမလုပ်ခြင်းမဟုတ်ဘဲ ထိုကောင်းမကောင်းသိကျွမ်းခြင်း အသီးသည် သူမအား ပညာ ရှိဖြစ်စေမည်ဟု ထင်သောကြောင့်ဖြစ်သည်။ ထို့ကြောင့် ထိုအသီးအားယူပြီးစားရုံမက သူမ၏ခင်ပွန်းအား ကျွေးခဲ့သည်။ ထို့နောက် သူတို့နှစ်ဦး၏အမြင်အာရုံပွင့်လာခဲ့သည်။

ဤအရာသည် ယနေ့လူတို့ထဲ၌ ကျွန်ုပ်တို့တွေ့ရသော တူညီသည့် အခြေအနေဖြစ်သည်။ အသိပညာ၏တန်ဖိုးကို ကျွန်ုပ်တို့ကလေးများကိုလည်း ဆက်၍ ရှာရန်

သင်ကြပါသည်။ လွန်ခဲ့သော အတိတ်ကာလ၌ အသိပညာသည် မိမိအားပို၍ ပညာရှိလာစေရန် အတွက် ရှာဖွေကြသည်။ အသိပညာသည် ရွှေထက်ပို၍ တန်ဖိုးထားကြသည်။ ယနေ့မူ အသိပညာ ရှာခြင်းသည် မိမိကောင်းဖို့အတွက် ဖြစ်ရုံမက ပညာရှိလာရန် လည်း မဟုတ်ပေ။ ထိုအသိပညာ အား အခြားသောသူများ ငွေရှာတတ်ရန်နှင့် ပို၍ကောင်းမွန်သော ဘဝရရန်သာ ရှာကြတော့သည်။ မည်သည့်ရည်ရွယ် ချက်ဖြင့် ဖြစ်စေကာမူ၊ကျွန်ုပ်တို့ကလေးများအား အသိပညာ ရှာကြရန် ဖိအားပေးတိုက်တွန်းလေ့ရှိသည်။ ထိုအရာ ရှာခြင်း၌ တရားလွန်လာပြီး အရည်အချင်းမစစ်မှန်တော့သည့်အထိဖြစ်လာသည်။ အချို့အသိပညာမှာ မရှိထိုက်ခြင်း၊ အန္တရာယ်ပေးနိုင်ခြင်းနှင့် မစူးစမ်း၊ မရှာဖွေသင့် စသည်တို့ကို သတိပေးရန် မေ့လျော့နေတတ်ကြသည်။

မကောင်းသောအရာ အဖုံးဖုံးမှထွက်ပြေးရန် သမ္မာကျမ်းစာ၌ ဖော်ပြပြီးသားဖြစ်သည်။ အမှန်စင်စစ် တန်ဖိုးမရှိသော ဗဟုသုတနှင့် အန္တရာယ်ပေးနိုင်သောအရာများအား ရှောင်ရှားရန်လိုအပ်သည်ဟူသော အရာ ရှိပါသည်။ ၁ကော ၁၄း၂၀၌ "ညီအစ်ကိုတို့ သင်တို့သည်ဉာဏ်အရာ၌ သူငယ်မဖြစ်ကြနှင့်။ မတရားသောအမှုအရာ၌ နို့စို့သူငယ် ဖြစ်ကြလော့။ ဉာဏ်အရာ၌ အသက်ကြီးသောသူဖြစ်ကြလော့" ဟုကျွန်ုပ်တို့အားပြောထားပါသည်။ "အသက်ကြီးသော သူဖြစ်ကြလော့။ ဉာဏ်အရာသူငယ်မဖြစ်ကြနှင့်" ဤစကားသည်ကောင်းသောအရာ၊ မှန်ကန်သည့်အရာနှင့် ဝိညာဉ်ရေးရာအကျိုး အမြတ်ရစေမည့်အရာအား ဆိုလိုသည်။ သို့သော် မကောင်းသောအရာ၌ နို့စို့သူငယ်ဖြစ်ကြလော့။ လျစ်လျူရှုကြပါ။ မကောင်းသောအသိပညာအား ရှောင်ရှားတတ်ရန် ကလေးများအား မည်မျှသင်ပေးသင့်ကြောင်း ယခုသင်နားလည်ပြီး ဖြစ်သည်။ အချို့သောအတွေ့အကြုံများသည် ဘဝ၌ တွေ့ကြုံရှိဖို့ရန်ပင်မထိုက်တန်ပေ။ ကျောင်း၌ ရှိသော သင့်သူငယ်ချင်းများသည် "နဂါးနောက်လိုက်" သည့်အရာအားဝါကြွားနိုင်ပေသည်။ ထိုအရာမှာ ဆေးသုံးစွဲ၍ မှိုင်းရှုခြင်းတို့ကိုဆိုလိုသည်။ ထိုကဲ့သို့လုပ်ခြင်းအား ရှောင်သင့်သည်။ အဘယ့်ကြောင့်ဆိုသော် ထိုအရာသည် တစ်ခါလုပ်မိလျှင်ပို၍လုပ်ရန်တောင်းဆိုသောကြောင့်ဖြစ်သည်။ ထိုအဆင့်ပင်သင်သည် ဆေးဝါးမိနေပြီး ထိုအရာမှအဝေးသို့သွားရန် အလွန်မှ ခက်ခဲသည်။ မိဘများကလေးများအား သတိပေးပါ။ ထိုသို့သော သူငယ်ချင်းများအား မနာလိုမဖြစ်စေပါနှင့်။

သူတို့နှင့် နှိုင်းယှဉ်မှု၌ မပါမိစေဘဲ ရှောင်တတ်ရန်သင်ပေးပါ။

ထိုသို့သော အတွေ့အကြုံများသည် ဘဝ၌ ကြုံရန်ပင် မထိုက်တန် သောအရာ ဖြစ်သည်။ ယနေ့အများစုသည် သူတို့၏ မိုက်မဲထူးဆန်းသော အပြုအမူပေါ် နှစ်လိုပျော်မွေ့နေသူများရှိသည်။ ထိုသူတို့သည် သူတို့ဘဝ၌ တွေ့ကြုံရသော မတော်တဆကြောင့် အပြစ်မကင်းသည့် ဒြတ္တပစိတ်မှုခံစားနေ ရသည်။ မိမိကိုယ်ကို ယုံကြည်မှုမရှိခဲ့သည့် အရာများအားလည်း နောင်တရ၍ မဆုံးပေ။ သူတို့၏စူးစမ်းလိုစိတ်သည် ကောင်းသော အရာများအားရယူ သွားသည်။ သူတို့ကာ မဂုဏ်အာ ရုံ၌ ကျွံမိကြပြီး တားမြစ်ထားသော အသိပညာ၌ ညှို၍ အကိုက်ခံကြရသည်။ ထိုသို့သော အတွေ့အကြုံသည်အရင်မှသင့်အား ကွဲပြားခြားနားသောသူအဖြစ် ပြောင်းလဲစေသည်။ သင်ပို၍ မကောင်းလာဘဲ ဆိုးရွားလာခဲ့သည်။ အသိပညာ၊ ဉာဏ်အားလုံးသည် အကူအညီဖြစ်ပြီး အသုံးဝင်သည် မဟုတ်ပေ။

အိမ်တစ်အိမ်ရှိ မိခင်အကြောင်းစဉ်းစားကြည့်ပါ။ မိခင်သည် ကလေးအား "မေမေအပေါ် တက်တုန်းဒီအခန်းမှာနေခဲ့။ စာဖတ်ချင်ဖတ် သို့မဟုတ် အရုပ်နဲ့ကစားချင်ကစား ပြတင်းပေါက်မဖွင့်နဲ့နော်" ဟုမှာ ပြီးထွက် သွားသည်။ ကလေးစိတ်ထဲ၌ ပြတင်းပေါက်၏အပြင်၌ မည်သို့ဖြစ်မည်နည်းဟု စဉ်းစားသိချင်လာ သည်။ ထိုစိတ်၌ သူ့အား တွယ်ငြိပြီး ပြတင်းပေါက်နား၌ ကုလားထိုင်ထားကာ မင်းတုတ်ကို မဖွင့် လိုက်၏။ သူမအတွက် ထင်ထားသည့် ကောင်းကင်ပြာ လှပသော တောင်တန်းစိမ်းနဲ့ သစ်ပင်များမဟုတ်ဘဲ ကြောက်မက်စရာ ဖြစ်သည့် လုံးလုံးမည်းမှောင်သည့် အရာကိုသာတွေ့ရသည်။ ငှက်ဆိုးအော်သကဲ့သို့အော် ပြီး ခုန်လိုက်သည်။ ထို့နောက် လင်းနို့ကဲ့သို့ နောက်ကိုပြေးပြီး၊ ပြတင်းပေါက်၌ ပိုးဖလံများရှိနေသကဲ့သို့သော အကြောက်တရားနှင့် တုန်နေသည်။ တံခါးအားနာ နာပိတ်ပြီး ကြောက်ရွံ့နေသည်။ သူမမိခင်ပြန်ရောက်လာသော အခါပြေးဖက်၍မောဟိုက်နေသော အသံဖြင့် "မေမေသမီး ကြောက်တယ် အပြင်မှာအရမ်းမှောင်နေတယ်" ဟုပြောပြီး အမေဖြစ်သူသည် "သမီးဘာလုပ်လိုက်လဲ တံခါးဖွင့်လိုက်တယ် မဟုတ်လား" ဟုမေးသည်။ သူမ၏ ထိုဖွင့်ခဲ့ခြင်းသည်သူမအတွက် ပိုဆိုးသောအရာ ဖြစ်ခဲ့သည်။ သူမဘဝသည် ယခုယာ ယီမဟုတ်သောပြောင်းလဲ ခြင်းဖြင့် ပြောင်းလဲသွားသည်။ အရင်လိုမဟုတ်တော့ဘဲ အမှောင်အား ကြောက်လျက်ပင်အိပ်

ယာဝင်ရသည်။ ငှက်ဆိုးအော်သံ လင်းနို့ပျံခတ်သံ နှင့် သူမရှေ့၌ ပိုးဖလံများပေါ် ထွက်လာသည်အထင်ဖြင့် အိပ်မက်ဆိုးများမက်လျှက်ရှိနေတော့သည်။

ဤအရာသည် သင်တွေ့ကြုံခဲ့သည့် အရာမဟုတ်သလော။ တားမြစ်ထားသောအသိပညာအား သင်တောင့်တခဲ့သည်။ သင့်၌ မိမိကိုယ်ကို မထိန်းချုပ်နိုင်ဘဲ စူးစမ်းသိလိုစိတ်ကကြီးစိုးခဲ့သည်။ အသွေးအသား၏လိုချင်တောင့်တမှုမှ ရသော ပျော်ရွှင်ခြင်းခံစားရန် သင့်ကိုယ်သင် မရပ်စဲနိုင်ဘဲရှိနေသည်။ "အိုး.. အင်မတန်မှကျဆင်းလိုက်ရလေခြင်း" ဟု သင်နောင်တရသော်လည်း အလွန်နောက်ကျလေပြီ၊ ထိုအတိတ်၏မှတ်မိသတိပေးခြင်းခံရချိန်၌ သင်သည် သင့်ကိုယ်ကို မျက်နှာပျက်လျက်ရှိနေသည်။ ပြင်းစွာသောအရှက်တရားနှင့် အပြစ်သည် သင့်ထံလာသယောင်ခံစားရသည်။ အခြားသူမသိသောအရာကို သင်သိပြီးဘုရားသခင်လည်း သိသည်။ ထို့ကြောင့် သင် မပျော်ရွှင်နိုင်ရခြင်း ဖြစ်သည်။ ထို့ကြောင့်လည်း သင့်ဩတ္တပစိတ်၌ အပြစ်၏ဝန်အားခံစားနေရခြင်းဖြစ်သည်။

## သင့်ကိုယ်သင်ဖုံးကွယ်ရန်ကြိုးစားခြင်း

လူ၏မိုက်မဲခြင်းသည် အခြားသောနည်းအားဖြင့်လည်း ထင်ပေါ်လျက်ရှိသည်။ ထိုအရာ၌ သူသည်မိမိ၏ အဝတ်အချည်းစည်းရှိခြင်းအား ဖုံးကွယ်ရန်ကြိုးစားခြင်း ဖြစ်သည်။ အာဒံနှင့်ဧဝသည် သူတို့ကိုယ်ခန္ဓာ၌ အဝတ်မရှိခြင်းသိသောအခါ "မိမိတို့အဝတ်အဖို့သင်္ဘောသဖန်းပင်အရွက်တို့ကို ချုပ်စပ်၍ခါးစည်းကိုလုပ်ကြ၏" (အငယ် ၇) သူတို့သည် အရွက်ကြီးများ အားရွေးပြီး အဖျားများအား ပူးလိမ်ကပ်ထားကာချုပ်ခြင်းဖြစ်နိုင်သည်။ သူတို့ခါးအောက်နှင့်ရင်သားများအား ဖုံးကွယ်၍ မည်သည့်နေရာများထပ်၍ ဖုံးထားသည်ကို မသိနိုင်ပါ။ လေတိုက်၍ အရွက်များလွင့်သောအခါ ထိုအရာသည် သူတို့ကိုယ်ခန္ဓာဖုံးရန် မလုံလောက်ကြောင်းသိလာသည်။ ထပ်ချုပ်ရန်ကြိုးစားသော်လည်း ချုပ်စရာနေရာမရှိတော့အောင် ဖြစ်နေပေမည်။ အအေးဒဏ်မှကာကွယ်နိုင်ရန်အသစ်သောဝတ်စုံအားချုပ်ရန်လိုအပ်ပေမည်။ အင်မတန်မှမိုက်မဲသောယောကျာ်းနှင့်မိန်းမဖြစ်သည်။ အရွက်သည် သူတို့အားဖုံးရန် မလုံလောက်နိုင်ပေ။

ဤအရာ၌ အဓိကအချက်ကို သူတို့လွဲနေသည်ကို မြင်ရပါမည်။ ခန္ဓာကိုယ် အဝတ်အချည်းနှီးရှိခြင်းမဟုတ်ဘဲ ထိုအရာပေါ်၌ အရှက်တရားရှိလာခြင်းဖြစ်သည်။ ဘုရားသခင်အား ပုန်ကန်ပြီးမှထိုအရှက်၊ အပြစ်နှင့်ကြောက်ရွံ့ခြင်းရရှိလာခြင်းဖြစ်သည်။ သူတို့ပြဿနာသည် သူတို့ထင်သည်ထက်ပို၍ ဆိုးရွားသည်။ သူတို့ခန္ဓာကိုယ်ပိုင်းနှင့် မဟုတ်ဘဲ သဘောသဘာဝ၊ ပင်ကိုယ်စရိုက်နှင့်သက်ဆိုင်သည်။ ယခုသူတို့၌ ဘုရားသခင်စကား နားမထောင်ခြင်းကြောင့် ညစ်ညမ်းသောစရိုက်ရှိလာသည်။ ဘုရားသခင်နှင့်သူတို့ ကြားရှိကောင်းသောဆက်ဆံဆက်နွယ်မှုသည် ကြမ်းတမ်းခက်ထန်လာသည်။ ဘုရားသခင်၏ ရန်သူများဖြစ်လာခဲ့သည်။ သူတို့အပေါ်၌ စာတန်သည်အောင်မြင်ခြင်း ရရှိခဲ့သည်။ ဤအရာသည် သင့်ထံ၌ ဖြစ်နေသောအရာဖြစ်သည်။ ဘုရားသခင်၏စကား နားမထောင်ခြင်းကြောင့် အပြစ်ရှိလာသည်။ မှားမှန်းသိသောအရာလုပ်ခဲ့သည်။ အမှောင်ကမ္ဘာ၏အသိဥာဏ်ရရှိပြီး၊ ယခုထိုအပြစ်များ၏ အသီး များကို ရိတ်သိမ်းနေရသည်။ ယခု သင်သည် ထိုအပြစ်များအား ဖုံးကွယ်နိုင်ရန် ကြိုးစားနေသည်။ သင့်၏ကြိုးစားမှုများ တစ်ခုမှအောင်မြင်မည် မဟုတ်ပေ။ ဘုရားသခင်အပေါ်၌ သင်၏ပုန်ကန်ခြင်းအား ထိုကောင်းမှုများတစ်ခုမှ ပြန်မပေးဆပ်နိုင်ပေ။ သင်၏ဖြောင့်မတ်စွာနေထိုင်ခြင်းသည် ထိုပျက်စီးယိုယွင်းနေသော စရိုက်အားမပြောင်းလဲနိုင်ပါ။ သင်၏ကိုယ်လုံးတီးဖြစ်ခြင်းအား ဖုံးအုပ်ရန်ကြိုးစားခြင်းမှာ အသုံးမဝင်ပေ။

## ဘုရားသခင်ထံမှ ပုန်းကွယ်ခြင်း

သူတို့၏အခြားသော မိုက်မဲခြင်း လုပ်ရပ်မှာ ဘုရားထံမှပုန်းကွယ်ရန်ကြိုးစားခြင်းဖြစ်သည်။

ဘုရားသခင်သည် အာဒံနှင့်ဧဝတွင် လူသဏ္ဌာန်ဖြင့်လာ၍ စကား လက်ဆုံကျကြစမြဲဖြစ်သည်။ ထိုကဲ့သို့သဏ္ဌာန်ကို "သီယိုဖာနီ" (Theophany) "ဘုရားသခင်ထင်ရှားခြင်း" ဟုခေါ်သည်။ သီယိုဖာနီ(Theophany)၌ ဘုရားသခင်သည် လူသဏ္ဌာန်

ကိုယာ ယီသုံးခြင်းဖြစ်သည်။ ဤအရာသည် အနာဂတ်၌ ဘုရားသားတော်၏လူ့သဏ္ဌာန်ယူကာ လောကသို့လာမည့်အရာမျှော်ကြည့် စေရန်လည်းဖြစ်သည်။ ယေရှုခရစ်သည်ဘုရားနှင့်လူနှစ်ခုလုံးဖြစ်ပြီး ပုဂ္ဂိုလ်တစ်ပါးဖြစ်သည်။ ဤအချိန် ဧဒင်ဥယျာဉ်၌ ဘုရားသခင်သည် အာဒံနှင့်ဧဝ အားတွေ့ဆုံရန်ပေါ် လာသည်။ အငယ် ၈ ၌ "နေသေသောအချိန်တွင် ထို ဥယျာဉ်၌ ထာဝရအရှင်ဘုရားသခင်ကြွတော်မူသောအသံက လူလင်မယားတို့သည်ကြားလျှင် အထံတော်မှလွတ်ခြင်းငှါ ဥယျာဉ်အပင်တို့တွင် ပုံးကွယ်လျက်နေကြ၏" ကြောင်းပြောခဲ့ပါသည်။

ဤအရာသည် အပြစ်ရှိသော ယောကျ်ားမိန်းမလူကြီးလူငယ်များ အားလုံးဆက်၍လုပ်ကြသည့် အရာ ဖြစ်သည်။ အမှောင်နယ်၏သတ္တဝါများကဲ့သို့ အလင်းရောင်ပေါ် ပေါက်ချိန်၌ ကစဥ့်ကလျားဖြစ်ကြသည်။ သူတို့သည် သေးငယ်သောအလင်းကိုပင် မခံနိုင်ကြပေ။ သူတို့မျက်လုံးအား နာကျင်စေပြီး သူတို့၏ ညစ်ညမ်းသောလုပ်ရပ်များကိုဖေါ် ထုတ်သည်။ သို့သော် အလင်းရောင်မှထွက်ပြေးခြင်းသည် မိုက်မဲသောလုပ်ရပ်ဖြစ်သည်။ ကျွန်ုပ်တို့သည် အမှောင်၌ အသက်ရှင်ရန် မဟုတ်ပေ။ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်မိဿဟာ ယဖွဲ့၍ သူ့ဘုန်းတော်ထင်ရှားစေပြီး သူနှင့်ထာဝရပျော်ရွှင်စွာ နေထိုင်ရန်ဖြစ်သည်။ ဤအရာမဖြစ်နိုင်ရခြင်းမှာ သင်ကျရှုံးသောကြောင့်ဖြစ်သည်။ သင့်ကိုယ်သင်ထိခိုက်နာကျင်စေရုံသာမက ကိုယ့်ဟာကိုယ်မကုသပေးနိုင်တော့ပေ။ သို့သော်အဘယ့်ကြောင့် အကောင်းပြုလုပ်နိုင်သော တစ်ဦးတည်းသော် သူထံမှ ထွက်ပြေးရသနည်း။ ဘုရားသခင်ထံသွား၍သင့်အပြစ်၏အကျိုးဆက်အားမခံယူ သနည်း။ အဘယ့်ကြောင့် သင့်ကိုယ်ကိုသူ့ထံအပ်၍သနားဂရုဏာမတောင်းခံသနည်း။ ဒါဝိဒ်မင်းကြီး၏ပုန်ကန်မိသောအရာကိုမှတ်မိပါသလား။ ပရောဖက်ဂါဒ်သည် သူ့ထံသွား၍ဘုရားသခင်၏သတိပေးချက်အပြစ်ဒဏ်သွားပြောသောအခါ ဒါဝိဒ်မင်းကြီးသည်မည်သို့တုံ့ပြန်ခဲ့သနည်း။ သူသည် "ငါသည်ကျဉ်းမြောင်းရာသို့ရောက်နေပြီ တကား၊ ထာဝရဘုရား၏ လက်တော်သို့ ရောက်ပါစေ။ ဂရုဏာတော်ကြီးလှ၏ လူလက်သို့မရောက်ပါစေနှင့်"ဟုပြန်ပြောခဲ့သည်။ ဓမ္မရာဇဝင်ဒုတိယစာစောင် ၂၄း၁၄ ဒါဝိဒ်သည် လိမ္မာပါးနပ်စွာရွေးချယ်ခဲ့သည်။ ဘုရားသခင်သည်တရားမျှတပြီး အပြစ်အတွက်ဒဏ်ပေးတတ်သောဘုရားဖြစ်ကြောင်း သူသိခဲ့ပြီး၊ ထိုအ

ဒဏ်မှ မလွတ်နိုင်ကြောင်းသူသိသည်။ ထို့မျှမကဘုရားသခင်သည် ဂရုဏာနှင့်ပြည့်ဝပြီး အခြားသောလူလက်သို့ရောက်ခြင်းထက် ထိုဘုရားလက်၌ ရောက်ခြင်းသည်သာ၍ ကောင်းကြောင်း သူနားလည်ခဲ့သည်။

သင့်ထံ၌ ထိုကဲ့သို့သောဘုရားသခင်နှင့်ပတ်သက်သောအတွေးအခေါ် အယူအဆရှိပါသလား။ သင်နှင့်ကျွန်ုပ်ကဲ့သို့သောအပြစ်သားများအပေါ် သနား ဂရုဏာထားသောဘုရားသခင်ဖြစ်ကြောင်း သင်သိပါသလား။ ပျောက်ဆုံးသောသား အကြောင်း သင်သိပါသည်။ မိမိရှိသောအရာအားလုံးအားလက်ဖွာပြီးဖြုန်းတီးခဲ့ပြီး နောက်ဆုံး ဝက်စာကိုပင်စားသည့် အဆင့်သို့ရောက်ရသောသူပင်ဖြစ်သည်။ ထိုသို့ အဆုံးရောက်လာပြီးခြေကုန်လက်ပန်းကျသောအခါ သူသတိရသောအိမ်မှာ သူ့အဖေ ၏အိမ်ဖြစ်သည်။ အလွန်ကြောက်ရွံ့နေသော်လည်း ထိုဖခင်ထံပြန်ရန် စိတ်ဆုံး ဖြတ်ခဲ့သည်။ သနားစရာသားမိုက်အိမ်သို့ဦးတည်လာသောအခါ ဖခင်သည်မည်သို့ ပြုမူဆက်ဆံခဲ့သနည်း။ သူဒေါသ ထွက်ပြီး သူ့သားအား ရိုက်နှက်ကာနှင်ထုတ် ပါသလား။ ဤပုံပြင် အားသင်သိပါသည်။ ဖခင်သည်သူ့သားပြန်လာမည့်အချိန်အား တောင့်တနေခဲ့သည်။ လမ်းသို့မျှော်ကြည့်စဉ် သူ့သားအရိပ်အယောင်တွေ့သောအခါ လျင်မြန်စွာပြေးပြီး သားငယ်အားနမ်းကာကြိုဆိုခဲ့သည်။ ချစ်သောသူငယ်ချင်းတို့ သင့်အပြန်လမ်းအား ကောင်းကင်ရှိသင့်ဖခင်သည် စောင့်မျှော်လျက်ရှိသည်။

သို့သောအပြစ်သားသည် မည်မျှမိုက်မဲသည်ကိုကြည့်ပါ။ ဘုရားသခင် ထံမှပုန်းကွယ်ရန်ကြိုးစားနေသည်။ ထို့ကြောင့် ဘုရားသခင်သည် အပြစ်သားအား ရှာဖွေခြင်းဖြစ်သည်။ အာဒံနှင့်ဧဝထံလာ၍ "သင်သည်အဘယ်မှာရှိသနည်း၊ သင်မည် သည့်အရာကိုပြုခဲ့သနည်း" ဟုမေးခဲ့သည်။ သူတို့ပုန်းကွယ်နေသောနေရာနှင့်မည် သည့်အရာကိုလုပ်ခဲ့သည်ကို ဘုရားမသိ၍မဟုတ်ဘဲ သူတို့အား ထိုမိုက်မဲမှုမှနိုးထ စေချင်သောကြောင့်မေးလိုက်ခြင်းဖြစ်သည်။ သူတို့ဘာသာသူတို့ အပြစ်သိမြင်ဝန်ခံ လာပြီး ကယ်တင်ခံရန်သူ့အပေါ် ကိုး စားလာချင်၍လည်းဖြစ်သည်။

ထို့ကြောင့်ဘုရားသခင်ထံမှ ပုန်းကွယ်ရန်ကြိုးစားခြင်းသည် မိုက်မဲခြင်း ဖြစ်သည်။

## ဘုရားသခင်၏ဖြေရှင်းပေးမှုအပေါ် သံသယဖြစ်ခြင်း

လူ၏အခြားသောမိုက်မဲမှုမှာ သူတို့၏ပြဿနာအတွက်ဘုရားသခင်ဖြေရှင်းနိုင်ခြင်းအားသံသယဖြစ်ခြင်းဖြစ်သည်။ သင့်အပြစ်သည် ဘုရားသခင်အားဆန့်ကျင်သည်ကို သတိရပါ။ ထို့ကြောင့် သင်၌ ဘုရားသခင်နှင့် မိတ်ဆွေသူငယ်ချင်းအဆင့်မရှိနိုင်တော့ဘဲမည်သည့်အရာဖြစ်ပါစေ၊ ထိုအခြေအနေအား မတိုးတက်စေနိုင်ပေ။ သူ့ဂရုဏာတရားအားဖြင့် လူသားများထံသူရှင်း လင်ပေးမှုအား ဖွင့်ပြခဲ့သည်။ လူသားအသက်ရှင်နိုင်ရန်အတွက် သူ့အသက် အားပေးခဲ့သည့်ရှင်းပြချက်ဖြစ်သည်။ လူသား၏အပြစ်ဆေးကြောရန် သွေးစီးဆင်းရမည်။ အပြစ်ခွင့်လွှတ်ခံနိုင်ရန်အတွက် ထိုကဲ့သို့သောစတေးခံမှုလိုအပ်ခဲ့သည်။ ဤနည်းဖြင့်သာ ဘုရား၏တရားပြည့်စုံမည်ဖြစ်သည်။ အပြစ်တရားအတွက် အပြစ်ဒဏ်ရှိရမည်။ ထိုအပြစ်မှလွတ် မြောက်ရန် အပြစ်သားကိုယ်စားအပြစ်ဒဏ်ခံနိုင်မည့်ကယ်တင်ရှင်အားစီမံခဲ့သည်။

ဤ အရာအား အငယ် ၂၁ ၌ "*ထာဝရအရှင် ဘုရားသခင်သည်လည်း လူလင်မယားကိုသားရေဖြင့်ဝတ်လုံ လုပ်၍ဝတ်ခြုံစေတော်မူ၏*" ဟုဘုရားသခင်သည် ဖော်ပြခဲ့သည်။ တိရစ္ဆာန်သည် ပထမဆုံးအကြိမ်အသတ်ခံရခြင်းဖြစ်သည်။ ထို့မှသာ ထိုသားရေအားဖြင့်သူတို့၏ကိုယ်လုံးတီးဖြစ်နေခြင်းအား ဖုံးအုပ်နိုင်မည်ဖြစ်သည်။ သူတို့လုပ်ခဲ့ သောအရွက်ထက်ပို၍ လုံးလုံးလျားလျားကောင်းမွန်စေသောအကာအကွယ်ဖြစ်သည်။ အာဒံနှင့်ဧဝလုံးဝအ အေးဒဏ်ခံစရာမလိုတော့ရုံမက အဝတ်အမရှိခြင်းမှ ဖုံးပြီးသားဖြစ်သည်။

ဤအကြောင်းအရာထက်ပို၍နက်နဲသောသတင်းစကားရှိကြောင်း သိရပါမည်။ ဘုရားသည်သူတို့၏ခန္ဓာကိုယ်အရှက်အားဖုံးပေးရုံမျှသာမဟုတ်ဘဲ အာဒံနှင့်ဧဝအား ထိုအချိန်မှစ၍ဘုရားအားတိရစ္ဆာန်ပူဇော်ခြင်းဖြင့်သာချဉ်းကပ်နိုင်ကြောင်း သင်ပေးခြင်းဖြစ်သည်။ ထိုအချိန်၌ တိရစ္ဆာန်ပူဇော်ခြင်း အားဖြင့်ဘုရားသခင်ထံချဉ်း ကပ်ခြင်းအားကျင့်သုံးခဲ့ကြသည်။ မောရှေ လက်ထက်မှစတင်ခြင်း မဟုတ်ပေ။ စစ်မှန်သောဘုရားသခင်ကိုကိုးကွယ်သူများခေတ်အဆက်ဆက်ကျင့်သုံးခဲ့သောအရာကိုသာ သူစတင်ရေးမှတ်ခြင်းဖြစ်သည်။

ထိုအစဉ်အလာသည် သခင်ယေရှုခရစ်အား ကယ်တင်ရှင်အဖြစ်ထိုးပြ လိုခြင်းဖြစ်သည်။ အချိန်တန်သောအခါဘုရားသခင်၏သိုးသူငယ်သည် လောက၏ အပြစ်ကိုယူဆောင်ရန်အတွက် ဆင်းလာခဲ့သည်။ သို့သော်ဤအ ရာအား မယုံကြပေ။ ဘုရားပြင်ဆင်ပေးသောဖြေရှင်းချက်အပေါ် ငြင်းဆန် ၍သံသယရှိနေသည်။ ယနေ့ ကျွန်ုပ်တို့၏အရှက်တရားအား ကျွန်ုပ်တို့ဘာသာ ဖုံးကွယ်ရန် ကြိုးစားနေကြသည်။ ကျွန်ုပ်တို့အား ကယ်တင်နိုင်သည့်တစ်ခုတည်းသောသူထံမှပုန်းနေကြသည်။

ကျွန်ုပ်တို့ပြဿနာအတွက်ဖြေရှင်းချက်တန်ဖိုးအား သံသယဖြစ်ကြသည်။ သူ့ဆီရောက်မှုရှိမရှိ မေးခွန်းထုတ်ကြပြီး မိမိဘာသာကယ်တင်နိုင်ရန်မိမိဉာဏ်ပညာ အပေါ် မှီခိုပြီး ကြိုးစားလျက်ရှိသည်။

ဘုရားသခင်အားဖြင့်နှိုးထရန် လိုအပ်ခြင်းဖြစ်သည်။ ထို့ကြောင့် ဘုရားသခင် သည် ကျွန်ုပ်တို့တစ်ဦးတစ်ယောက်ဆီ၏အသိကိုနိုးကြားစေရန် သေချာသောနည်း လမ်းဖြင့် ဆက်သွယ်ရန်လိုအပ်ခြင်းဖြစ်သည်။

□□□

# ၄။ ဘုရားသခင်၏ကုသပေးခြင်း

*"သင်၏မိန်းမကိုင်း၊သင်၏မျိုးနွယ်နှင့်မိန်းမ၏မျိုးနွယ်ကိုင်း၊ ငါသည်ရန်ငြိုးဖွဲ့စေမည်။ သူသည်သင်၏ခေါင်းကိုကြိတ်လိမ့်မည်။ သင်သည်သူ၏ခြေဖနောင့်ကိုကြိတ်လိမ့်မည်။"*

*(ကမ္ဘာဦးကျမ်း ၃း၁၅)*

ကျွန်ုပ်တို့အတွက်မျှော်လင့်ချက်မရှိတော့ပါ။ စာတန်၏နည်းဗျူဟာ၌ ဆင်းသက်မိကြသည်။ ဘုရားသခင်အားပုန်ကန်မိပြီး ထိုအပြစ်၏အကျိုးဆက်မှာ ကယ်တင်နိုင်ရန် မိမိဘာသာမပြုနိုင်ပေ။

ဘုရားသခင်သည် ကျွန်ုပ်တို့အပြစ်အတွက် ကယ်တင်ခြင်းတရားအား ဂရုဏာတရားကြီးစွာအစားသွင်းပေးလျက်ရှိသည်။ သူ၏ကုသပေးခြင်း၌ အဆင့် ၄ ဆင့်ပါဝင်သည်။ သင်ကယ်တင်ခံလိုလျှင် ဤ ၄ ဆင့်အား သင်သိရှိ နားလည်ရမည်။

## သင့်အပြစ်များအား ထုတ်ဖော်ဝန်ခံခြင်း

ပထမဆုံးအနေဖြင့် ဘုရားသခင်သည်သင့်အပြစ်များကို ထုတ်ဖော်ရန်လိုအပ်သည်။ အာဒံထံလာ၍ရှာသကဲ့သို့ သင့်ထံလာ၍ရှာလိမ့်မည်။ အာဒံအားခေါ်၍ "သင်အဘယ်မှာနည်း" ဟုမေးသည်။ အာဒံမည်သည့်နေရာပုန်းနေသည်ကိုသူသိသည်။

အာဒံ၏အာရုံနှင့်ဆက်သွယ်မှုရှိရန်သာ မေးလိုက်ခြင်းဖြစ်သည်။ ဘုရားသခင်သည် အာဒံအား သူကိုယ်တိုင်စကားပြောနေခဲ့ခြင်းကိုသိစေလို၍ဖြစ်သည်။

ထိုနည်းတူပင် ယနေ့ဘုရားသည် လူများအားရှာဖွေလျက်ရှိသည်။ အပြစ်သားများသည် သူ့ထံမှပြေး၍ပုန်းသည်ကို သူသိသည်။ သို့သော်လည်း မည်သည့်နေရာသို့ပြေးနိုင်မည်နည်း။ မည်သည့်နေရာ၌ ပုန်းနိုင်မည်နည်း။ ဘုရားသခင်သည် ဘုရားသခင်ဖြစ်ပြီး၊ တန်ခိုးအာဏာ ရှင်နှင့်အရာအားလုံး သိသူဖန်ဆင်းရှင်ဖြစ်သည်ကို သတိရပါ။ သင့်အကြောင်းနှင့် သင်ဘာလုပ်ခဲ့သည်ကို သူသိသည်။ သူ့ထံမှသင်မည်သည့်အရာမျှ မဖွက်နိုင်ပေ။ ဤစကြာဝဠာသည် သူ့ပိုင်နက်ဖြစ်ပြီးအရာအားလုံးကိုဖန်ဆင်းခဲ့သကဲ့သို့ အရာအား လုံးသူထိန်းချုပ်ထားသည်။ သူစကားတစ်ခွန်းပြောလိုက်သည်နှင့် ဤမြေကြီးသည် သင်မည်သည့်နေရာ၌ ပုန်းနေသည်အား ဖော်ပြလိမ့်မည်။ မည် သည့်ကြွက်တွင်းမှဖြစ်ပါစေ၊ သင့်ကို သူ့လက်ချောင်းများဖြင့် လွယ်ကူစွာ ဆွဲထုတ်နိုင်သည်။

ဘုရားသခင်ထံမှပုန်းရှောင်နေခြင်းသည် အသုံးမဝင်သောအရာ ဖြစ်သည်။ ဘုရားသခင်သည် လူသားများအား ခရစ်ယာန်သူငယ်ချင်းများအားဖြင့်သော်၎င်း၊ စာအုပ်ဖတ်ခြင်းဖြင့်၎င်း၊ သမ္မာတရားရှင်းပြသည်ကိုနားထောင်ခြင်းဖြင့်၎င်းစကားပြောသည်။ သမ္မာတရားရှင်းပြနေသည့် အစည်းအဝေးခန်းထဲ၌ ဘုရားသခင်သည် တစ်ဦးတစ်ယောက်စီအား သီးခြားစွာစကားပြောနိုင်ပါသည်။ တရားဟောသူ၏ စကားသည်နားထောင်သူအားလုံးအတွက်ဖြစ်သော်ငြားလည်း သင့်အားပြောနေခြင်းဖြစ်သည်ဟု သင်သိနေသည်။ ထိုကဲ့သို့ပင် ယခုလည်းဘုရားသခင်သည် သင့်အားစကားပြောနေသည်။ ဤကမ္ဘာမှလူအားလုံးသည် ဤစာအုပ်အားဖတ်မည်မဟုတ်။ ဖတ်သူများထဲမှတစ် ယောက်မှာသင်ဖြစ်သည်။ ဤစာအုပ်၏စာမျက်နှာအားဖြင့် ဘုရားသည် သင့်အား စကားပြောနေသည်။ အာဒံနာမည်၌ သင့်နာမည် အားအစားထိုး၍ "သင်အဘယ်မှာနည်း" ဟူသောမေးခွန်းကို မိမိကိုယ်ကိုမေးမြန်းပါ။

ဘုရားသခင်သည်လူအာဒံအား မေးခွန်းများစွာမေးခဲ့သည်။ အငယ် ၁၁၌ ဘုရားသခင်သည် "သင်အဝတ်အချည်းစည်းရှိသည်ကို မည်သူပြောသနည်း။ မစားရဟုငါပညတ်ထားသောအပင်၏အသီးကိုစားပြီလော "ဟုမေးခဲ့သည်။ တစ်ဖန်ဤအရာ

အားဘုရားသခင်မသိခြင်း မဟုတ်။ အဖြေများလည်းသိပြီးဖြစ်သည်။ သို့သော်ဤသို့မေးခြင်းဖြင့် အာဒံ၏အပြစ်အားဖော်ထုတ်ပြလို၍သာဖြစ်သည်။ သူ့အပြစ်ကိုသူဝန်ခံစေလိုခြင်းဖြစ်သည်။ အခြားသောကျရှုံးသူကဲ့သို့ပင် အာဒံသည်မိမိကိုယ်ဖြောင့်မတ်သည် ထင်၍အခြားသူအား အပြစ်တင်သည်။ သူ့အမျိုးသမီးပေါ် အပြစ်ချခဲ့သည်။ ဘုရားသခင်သည် လည်းဧဝနှင့်ပြောဆိုရမည်ဖြစ်သည်။ ထို့ကြောင့်အငယ် ၁၃ ၌ ဧဝအား "သင်သည်အဘယ်သို့ပြုသနည်း" ဟုမေး၏ ဤအခြင်းအရာအားကြည့်ခြင်းဖြင့် ဘုရားသခင်သည် အပြစ်သား တစ်ယောက်စီတိုင်းနှင့် ပြောဆိုခြင်းအားတွေ့ရသည်။ အာဒံနှင့်ဧဝအားလည်း ထိုသို့ပင်ဖြစ်သည်။ မိမိကိုယ်ကိုကာကွယ်၍ မိမိအပြစ်အတွက် ဆင်ခြေပေးခြင်းသည် အသုံးမဝင်ပေ။ မိမိလုပ်ခဲ့သောအရာအားဖုံးခြင်းသည်အရာမရောက်ပေ။ ဘုရားသခင်ကိုငှက်ကလေးများ၊ ပုရွက်ဆိတ်ကလေးများကသတင်း ပေးပို့ရန်လိုအပ်သောဘုရားမဟုတ်ဘဲ၊ ခပ်သိမ်းသောအရာတို့ကိုသိသောဘုရားဖြစ်သည်။

## သင်၏အသုံးမဝင်သောအားထုတ်ချက်များအားဖေါ်ထုတ်ခြင်း

ဒုတိယအဆင့်သည် သင့်ကိုယ်ကိုကယ်တင်နိုင်ရန်အတွက်အသုံးမဝင်သည့်အားထုတ်ကြိုးပမ်းချက်များအား ဘုရားသခင်ဖေါ်ထုတ်ရန်လိုအပ်သည်။ သင့်အပြစ်ပျက်ရယ်ပြုခြင်းမဟုတ်ကြောင်း နားလည်စေချင်သည်။ အလင်းအားဆန့်ကျင်၍ဘုရားသခင်ပညတ်တော်များအား သင်ချိုးဖောက်ခဲ့သည်။ ဘုရားသခင်အား ပုန်ကန်ခဲ့သည့်အတွက် ဤအခြေအနေပြောင်းလဲရန် သင်မည်သည့်အရာကို ပြုလုပ်နိုင်မည်နည်း။

အချို့လူများသည်ဘာသာရေးလိုက်စားပြီး၊ အချို့မှာဘဝ၌ စည်းကမ်းကြီးစွာအသက်ရှင်နေစဉ် အချို့မှာကောင်းသောအမှုလုပ်ခြင်းဖြင့်ကြိုးပမ်းနေကြသည်။ အချို့မှာသူတို့သားသမီးအား ကောင်းသောဘဝပေးနိုင်ရန် ကြိုးစားနေကြသည်။ ဤဖြစ်စဉ်၌ မလိုအပ်သည့်အရာများမဆီးတား၍ ပိုမို အန္တာရာယ်ဖြစ်လာသည်။ အချို့မှာအလုပ်မှာ အာရုံစိုက်ပြီးအလုပ်ဂျပိုးဖြစ်လာကြသည်။ အချို့မှာမူ အားကစား

၌ ပျော်မွေ့ပြီး၊ အချို့မှာ ပြန်လည်တီထွင် ပြုလုပ်မှုအားနှစ်သက်ကြသည်။ ထိုအရာများမှရရှိသော ပျော်ရွှင်ခြင်းသည် ယာယီသာ ဖြစ်သည်။ သင်၏အခြေခံပြဿနာများသည် သင်ကိုယ်တိုင်မဖြေရှင်းနိုင်ဘဲ ကျန်ရှိနေတတ်သည်ကို သင်သိပါသလား။

သင့်ပြဿနာမည်မျှကြီးမားကြောင်းဆင်ခြင်ကြည့်ပါ။ ပထမအနေဖြင့်ကျရှုံးသောလူ့သဘာဝသည်ပြောင်းလဲရန်လိုအပ်သည်။ ကျားသစ်ရှိအကွက်အား သင်ပြောင်းလဲနိုင်မည်လော၊ သို့မဟုတ် ကျားကိုယ်ပေါ် ရှိအစင်းအရောင်တို့ကို သင်ပြောင်းနိုင်မည်လော။ လူ့သဘောသဘာဝအားပြောင်း၍ မရကြောင်းသင်သိသည်။ ယခုကျွန်ုပ်တို့ပြောနေသောအရာမှာ သင့်ကိုယ် ခန္ဓာမဟုတ်ဘဲသင့်သဘောသဘာဝဖြစ်သည်။ သင့်ရုပ်အဆင်းအား ပလတ်စတစ်ဆာဂျီရီလုပ်ခြင်းဖြင့် ပြောင်းလဲနိုင်သော်လည်းမည်သည့် ပလတ်စတစ်ဆာဂျီရီကမှသင့်သဘော သဘာဝအားမသန့်ရှင်းစေနိုင်ပါ။

ဒုတိယအနေဖြင့် သင့်အပြစ်ဖြေရန်လိုအပ်သည်။ ဘုရားသခင်အား သင်ပြစ်မှားမိပြီးသူ၏အမျက်ဒေါသသည် ယခုသင့်အပေါ် ၌ ရှိပါသည်။ ဘုရား သခင်နှင့်သင့်အကြား ပဋိပက္ခများရှိနေပြီး၊ မည်မျှသောပဋိပက္ခများကိုဖယ်ရှားပြီး၊ မည်ကဲ့သို့ပြန်လည် သင့်မြတ်နိုင်မည်နည်း။ ဘုရားသခင်နှင့်မိတ်ဆွေ ဖွဲ့ခြင်းနှင့် သူ၏လက်ခံမှုကိုမည်သို့ရယူနိုင်မည်နည်း။ အမှန်စင်စစ်ကောင်းသော အလုပ်နှင့်စိတ် သဘောအကြံသည် သင်ဘုရားသခင်ပေါ် ပြုမိသောအမှားအတွက် မည်သည့်ကောင်းကျိုးမှ မပြုနိုင်ပေ။

တတိယအနေဖြင့်၊ သင်ကောင်းကင်နိုင်ငံမဝင်ခင်သေချာသော ဖြောင့်မတ်ခြင်းတရားရရှိရန်လိုအပ်သည်။ ကျွန်ုပ်တို့အားလုံးမည်သူမျှငရဲ မသွားဘဲကောင်းကင်ရောက်ချင်သူများချည်းဖြစ်သည်။ ဥပမာ အားဖြင့် ယခုသင်နှင့်ဘုရားသခင်ကြားရှိပဋိပက္ခများပျောက်ပြီး အပြစ်ဖြေခံရသောကြောင့် ကောင်းကင်သို့ခေါ် ဆောင်ခြင်းခံရသောအခါ ကောင်းကင်ရှိသူများအားလုံးသည် ဖြောင့်မတ်သောကြောင့် သင့်အတွက် ကြာကြာအသက်ရှင်နေထိုင်ရန် မဖြစ်ပေ။ အဘယ့်ကြောင့်ဆိုသော် သင်၌ ဖြောင့်မတ်ခြင်းတရားမရှိသောကြောင့်ဖြစ်သည်။ သင်သည် နက်သောသမုဒ္ဒရာ၌ ရေကူးမည့်ဒါဗင်ကရိယာ သို့မဟုတ် ဝတ်စုံမပါသည့် ဒိုင်ဗင်ထိုးသမား ကဲ့သို့ဖြစ်လိမ့်မည်။ သင်လိုအပ်သည့်အရာမှာ ဘုရားသခင်၏သားတော် ယေရှုခရစ်တပါး

တည်းသာ ပေးသနားနိုင်သည့် ဖြောင့်မတ်ခြင်းဝတ်ရုံဖြစ်သည်။

သင့်သဘောသဘာဝသည် ဝိညာဉ်ရေးရာ၌ အရေးပါသည့်အကြောင်း သင်ရှင်းနေဖို့လိုအပ်သည်။ သင့်ခန္ဓာကိုယ်ပိုင်းဆိုင်ရာ၌ ပြုလုပ်ပြီး စီးသည့်အရာသည် ဝိညာဉ်ရေးအားမည်သို့မျှအကျိုး မသက်ရောက်ပေ။ တောင်တစ်တောင်၏အမြင့်၊ အလျားနှင့်အနံတိုင်းတာသကဲ့သို့ မဟုတ်ပေ။ သင့်ပြဿနာ၌ ထိုကဲ့သို့တိုင်းတာနိုင်သည့်အတိုင်းအတာ မရှိပေ။ မြင့်သော တောင်အားတိုင်းယူနိုင်၍ ထူသောတောင်အားလည်းခေတ်မှီပစ္စည်းများဖြင့် ဖောက်ထွင်းနိုင်သေး၏။ ယခုကျွန်ုပ်တို့ပြောနေသော ပြဿနာအား၎င်းကဲ့ သို့ကျော်လွှားလုပ်ယူ၍မရပါ။ အဘယ့်ကြောင့်ဆိုသော် ၎င်းသဘောသဘာဝသည်ဝိညာဉ်ရေးနှင့်သက်ဆိုင်သောကြောင့်ဖြစ်သည်။ ၎င်းအရာသည် အလွန် ကြီးမားသောအချိုးအစားမှ မဆုံးနိုင်သောအချိုးအစားရှိခြင်းကဲ့သို့ဖြစ်သည်။ သမုဒ္ဒရာအားဇွန်းနှင့်ခက်ယူခြင်းသည်ပင်၊ သင်အပြစ်ရှိသောသဘောသဘာဝပြောင်းလဲခြင်း (သို့မဟုတ်) ဘုရား၏သန့်ရှင်းသောအမျက်ဒေါသမှပြန်လှည့် ရန် သို့မဟုတ် ကိုယ့်ဘာသာဖြောင့်မတ်ခြင်းတရားဟူသောဝတ်လုံယက်လုပ်ခြင်းသည် ပို၍လွယ်ကူလိမ့်မည်။

ဘုရားရှေ့တော်၌ သင်သည်အဝတ်အချည်းစည်းဖြစ်သည်။

## သင့်၏သူ၏ဖြေရှင်းချက်ထုတ်ဖော်ခြင်း

တတိယအဆင့်အနေဖြင့်သင့်အပြစ်အတွက်ဖြေရှင်းပေးသည့်အရာအား ဖော်ထုတ်ပေးရန်အလိုရှိသည်။ အငယ် ၁၄ ၌ ဘုရားသည်ကျွန်ုပ်တို့အား မိန်းမမျိုးစေ့သို့မဟုတ်သားစဉ်မြေးဆက်သည်လောက၏ကယ်တင်ခြင်းဖြစ်မည့်အကြောင်း ဖော်ပြထားသည်။ ထိုကယ်တင်ရှင်သည် သခင်ယေရှုမှအပ အခြားသူမဟုတ်ကြောင်း ဖော်ပြခဲ့သည်။ ဘုရားသခင်နှင့်လူကြားတွင် ပြန်လည်သင့်မြတ်စေသူအဖြစ်လုပ်ဆောင်မည့်သူဖြစ်သည်။

ဖြန်ဖြေသူသည် မည်သူဖြစ်ကြောင်းကို သင်သိပါသည်။ ၎င်းလောက၌ ခိုက်ရန်ဖြစ်သောအခါလူများသည်ကူညီမည့် ဖြန်ဖြေသူအား မှီခိုလျက်ရှိသည်။ တတိယ

ကြားခံလူအဖြစ်နေ၍နှစ်ဖက်ပြေလည်လာစေရန်ဖြစ်သည်။ အကောင်းဆုံးဖြန်ဖြေသူသည် နှစ်ဦးနှစ်ဖက်အဖွဲ့အားကောင်းစွာသိသောသူဖြစ်ရမည်သာမက ထိုနှစ်ဖွဲ့၏ယုံကြည်အားကိုးရသူဖြစ်ရမည်။ စီးပွားရေးလောက၌ ထိုကြားခံ (တတိယလူသည် စာချုပ်ဂတိဝန်ခံချက်များတံဆိပ်နှိပ်ရာတွင်ရှိရန် လိုအပ်သည်။ စီးပွားရေးအကြံပေးအဖြစ်ရှိတတ်သည်။ အဘယ်ကြောင့်ဆိုသော် သင်၏လိုအပ်ချက်များနှင့် အခြားတစ်ဖွဲ့ရယူနိုင်ကိန်းကိုသိရန်လိုအပ်သည်။ ရနိုင်သည့်အရာနှင့်လိုအပ်ချက်များ ကိုညှိပြီး လိုအပ်သည့်ငွေရေးကြေးရေးနှင့်ဖြည့်စွပ်ရမည့်အရာများအား စဉ်းစားချင့်ချိန်ပြီးတင်ပြသည်။ စီးပွားရေးကိစ္စ၌ သင့်အားလိမ်လည်ယူမည့်သူကိုမလိုချင်ဘဲ သင်အားကိုးနိုင်သည့်ဖြန်ဖြေသူကိုသာလိုချင်သည်။

ယေရှုခရစ်သည်လူနှင့် ဘုရားကြားရှိဖြန်ဖြေသူဖြစ်သည်။ သူသည်သုံးပါးတစ်ဆူထဲမှဒုတိယတစ်ပါးဖြစ်သည်။ လူ့သဘောသဘာဝအားယူရန်လာသောဘုရားဖြစ်သည်။ ထို့ကြောင့်သူသည်တစ်ချိန်တည်း၌ လူနှင့်ဘုရားဖြစ် သည်။ ပုဂ္ဂိုလ်တစ်ပါး၌ သဘောသဘာဝနှစ်မျိုးရှိသူဖြစ်သည်။ သူ၏ဘုရားဖြစ်ခြင်း၌ ဘုရားအားကိုယ်စားပြုပြီးလူဖြစ်ခြင်း၌ အပြစ်ကင်းသည့်လူသားကိုယ်စားပြုသည်။ ဘုရားသခင်နှင့်ကျဆင်းသောလူအကြားအကောင်းဆုံးသော ဖြန်ဖြေသူဖြစ်သည်။ ခရစ်တော်မှတစ်ပါးပိုကောင်းသောသူ မရှိနိုင်ပါ။ သူမှလွဲ၍ အခြားသောကယ်တင်ရှင် မရှိပေ။

သူ၏ကယ်တင်ရှင်ဖြစ်ခြင်းသာဖော်ပြခြင်းမဟုတ်ဘဲသူ၏အလုပ်အားလည်းတွေ့မြင်ရသည်။ မြွေသည်သူ့ဖနောင့်အားကြိတ်စဉ်သူသည် မြွေအားကြိတ်လိမ့်မည်ဟူ၍ ဖတ်ရပါသည်။ ဤအကြောင်းသည် ခရစ်တော်၏ကားတိုင်ပေါ် အသေခံခြင်းသည် စာတန်၏တန်ခိုးအား ဖျက်စီးမည့်အကြောင်းဖြစ်သည်။

ဦးခေါင်းသည်တန်ခိုး၏အချက်အချာဖြစ်သည်။ ဦးခေါင်းအကြိတ်ခံ ရသောအခါအခြားသောကိုယ်လုံးကိုယ်ထည်သည်သုံး မရတော့ပေ။ ထို့ကြောင့် စစ်ပွဲဖြစ်လာသောအခါအဖွဲ့တစ်ဖွဲ့သည် အခြားအဖွဲ့၏ဗဟိုအချက် အချာအားတိုက်ခိုက်သည်။ သို့မဟုတ်ဦးဆောင်သူအားသတ်ဖြတ်သည်။ ဦးဆောင်သူအားတိုက်ခိုက်ရခြင်းမှာ ဤအရာကြောင့်ဖြစ်သည်။ ထို့ကြောင့်စာတန်သည်လူသားမျိုးနွယ်၏ ကိုယ်စားပြုဖြစ်

သော အာဒံအားတိုက်ခိုက်ခဲ့သည်။ သို့သော် ဘုရားသည် အပြစ်သားများကိုကယ်တင်ရန်အတွက်အခြားသော ဦးခေါင်းပေါ် ထွက်စေသည်။ ထိုသူအား စာတန်သည် တိုက်ခိုက်ပြန်၍ကားတိုင်၌ သေရန်ပြုလုပ်ခဲ့သည်။ ထိုသေခြင်းသည် စာတန်၏နောက်ဆုံးအားသာချက်ဖြစ်သော်လည်းကယ်တင်ရှင်ကိုမူ မထိနိုင်ပေ။ ယေရှုခရစ်သည်သေခြင်းမှထမြောက်ပြီးစာတန်အားတိုက်ခိုက်ခဲ့သည်။ ဤအရာသည် သမ္မာကျမ်းစာ၌ ဖော်ပြထားသည့် "သူသည် သင့်ဖနောင့်ကြိတ်စဉ် သင်သည်သူ့ဦး ခေါင်းအား ကြိတ်လိမ့်မည်" အားဆိုလိုပါသည်။ ကယ်တင်ရှင်အားဖျက်စီးရန်ကြိုးစား ရာတွင်သူ့ဦးခေါင်းသည် အကြိတ်ခံလိုက်ရသည်။

ဓမ္မဟောင်းခေတ်၏တိရစ္ဆာန်ပူဇော်ခြင်းသည် အာဒံစပြီးခရစ် တော်၏အလုပ်နှင့်ပုဂ္ဂိုလ်ဖြစ်ခြင်းကိုညွှန်ပြခြင်းဖြစ်သည်။ ကိုးကွယ်သူများ ထာဝရအသက် ရရှိရန်အသက်ပေးဆပ်ရမည်။ အပြစ်များသန့်စင်ရန် အသွေးစီးဆင်းရမည်။ ယဇ်ပူဇော်ခြင်းသည် ဘုရားသခင်၏ဒေါသအား အပြစ်သားထဲမှလွဲစေရန်ဖြစ်သည်။ အရင်ချိန်ရှိတိရစ္ဆာန်ပူဇော်ခြင်းသည် ဤအရာများအားလုံးအား မရှင်းပြနိုင်ပေ။ ဤအရာများသည်ဘုရားသခင် ထံပြည့်ဝစုံလင်သည့် ယဇ်အဖြစ်လာသောယေရှုအား ဖော်ပြခြင်းသဖြစ်သည်။ ထို့ကြောင့် ဘုရားသည်လူသားများအားအပြစ်မှလှည့်၍ကယ်တင်ခြင်းပေးနိုင်သောခရစ်တော်တပါးတည်းအား ယုံကြည်ကိုးစားစေခြင်း ဖြစ်သည်။

## သင့်အားဖျက်ဆီးလိုသည့် စာတန်၏ဆန္ဒအားဖော်ထုတ်ခြင်း

စတုတ္ထမြောက်နှင့် နောက်ဆုံးအဆင့်သည် သင့်အား ဖျက်ဆီးလိုသည့်စာတန်၏ဆန္ဒအားဖော်ထုတ်ခြင်းဖြစ်သည်။ အပြစ်သားများအတွက် ဘုရားသခင်သည် ကယ်တင်ရှင်ပေးမည့်အကြောင်းသူသိသည်။ လူမိန်မမျိုးစေ့နှင့်မြွေမျိုးစေ့အကြားရန်ဘက်အကြောင်းကို ဘုရားသခင်သည် ဖော်ပြပြီးဖြစ်သည်။

ထိုရန်သည်သမိုင်းဇာတ်လမ်း၌ ပြန့်လျက်ရှိနေသည်။ ဤကမ္ဘာ၌ အဖွဲ့နှစ်ဖွဲ့ရှိကြောင်းသမ္မာကျမ်းစာမှပြောပြီးဖြစ်သည်။ ထိုနှစ်ဖွဲ့မှာဘုရားသခင်၏သား

သမီးများနှင့်စာတန်၏သားသမီးများဖြစ်သည်။ နတ်ဆိုး၏ သားသမီးများသည်ဘုရား၏သားသမီးများအား အမြဲရန်ရှာမည်ဖြစ်သည်။ မြွေ၏မျိုးစေ့သည်ဘုရားသခင်မျိုးနွယ်အား ပျက်စေလိုသောကြောင့်လူမိန်းမ ၏မျိုးစေ့အားဖျက်စီးရန်ကြိုးစားလျက်ရှိသည်။ အကယ်၍ဘုရားသခင်မျိုးနွယ်အားဖျက်တောက်နိုင်မည်ဆိုလျှင် လူမိန်းမ၏မျိုးစေ့ဖြစ်သည့်ယေရှု ခရစ်တော်ကြွလာမည့်အရာဖြစ်မြောက်မည် မဟုတ်ပေ။ ထိုအကြံအစည်တော်သည် ဘုရားသခင်၏အကြံအစည်တော် မဟုတ်ပါက လူတို့အတွက် အချည်းနှီးသက်သက်ဖြစ်ပေလိမ့်မည်။

အကြိမ်များစွာထိုစာတန်၏အကြံအောင်မြင်ခါနီးလုလု ဖြစ်ကြောင်းသမ္မာကျမ်းစာ ဖော်ပြထားသည်။ အကြိမ်တိုင်းဘုရားသခင်သည် အောင်မြင်အောင်ပြုလုပ်လျက်ရှိသည်။နောက်ဆုံး၌ အချိန်ကျလာသောအခါ ကယ်တင်ရှင်မွေးဖွားလာသည်ထိုအချိန်၌ စာတန်အသုံးပြုသောဖျက်ဆီးခြင်းမှာ ဟေရုဒ်မင်းအား အသုံးပြု၍ ၂နှစ်အောက်ကလေးများအား သတ်ဖြတ်စေခြင်းဖြစ်သည်။ ယောသပ်နှင့်မာရိအားကောင်းကင်တမန်လာရောက်သတိပေးခံရ၍ယေရှုအား အဲဂုတ္တုသို့ခေါ် ဆောင်သွား၏လုံခြုံသည့်အချိန်ထိနေထိုင်ပြီးမှယေရှုသည် လူထုရှေ့ထွက်လာပြီးကားတိုင်ပေါ် တွင်အသတ်ခံခဲ့ရသည်။

ယေရှုခရစ်တော်သေသောအခါ စာတန်သည် နောက်ဆုံး ဤကယ်တင်ရှင်အားဖျက်စီးလိုက်သည်ဟုထင်ခဲ့သော်လည်းထိုကယ်တင်ရှင်သည်သေခြင်းမှထမြောက်၍စာတန်၏တန်ခိုးအားလုံးအားဖျက်ဆီးခဲ့သည်။ သူ၏သေခြင်းသည် သူ့လူမျိုးများအတွက်ယဇ်ပူဇော်ခြင်းဖြစ်သည်။ သူ့အတွေးသည် ဘုရားသခင်ဖြစ်စေချင်သောအပြစ်သားများ၏အပြစ်အားဆေးကြောခဲ့သည်။ ထို့ကြောင့် ယခုစာတန်သည် ခြင်္သေ့တစ်ကောင်ကဲ့သို့ဟိန်းလျက် ဘုရား၏လူများအားဖျက်ဆီးရန်ပရိယာယ်ဖြင့် ကြိုးစားလျက်ရှိသည်။ ခရစ်တော်မတိုင်ခင် အချိန်မှအနေအထားဖြစ်သော်လည်း ခရစ်တော်ကြွလာပြီးနောက်ပိုင်းလည်းဆက်လက်ဖြစ်ပွားခဲ့သည်။ ယခုအခါစာတန်မှာပိုမို ဒေါသထွက်လာပြီးအစွမ်းကုန် သူ့အလုပ်အားလုပ်ဆောင်မည်ဖြစ် သည်။

ထို့ကြောင့်လူတိုင်းသတိပြုရမည်ဖြစ်သည်။ စာတန်သည် အတိုက်အခိုက်ခံရသော ရန်သူဖြစ်သည်။ ယေရှုသည်သူ့တန်ခိုးအားချိုးခဲ့ပြီးဖြစ်သည်။ သူသည် ပြင်းစွာနာ

ကျင်လျက်ရှိသည်။ သို့သော်မြောက်မြားစွာသောပျက်ဆီး မှုများအားဖြစ်စေနိုင်ပြီး အလွန်အန္တရာယ်ကြီးမားသည်။ တစ်နေ့ထာဝရငရဲ နှင့်ညှင်းဆဲခြင်းထဲသို့သူပစ် ချခံရသောအချိန်ရောက်လာမည်ကိုသူသိသည်။ ထို့ကြောင့်သူသည် ခရစ်ယာန်များအား တတ်နိုင်သလောက်ဆွဲဆောင်ပြီးသူ တို့ယုံကြည်ချက်အားငြင်းဆန်ရန်လုပ်နေသည်။ ယုံကြည်သူများသည်သူ၏ ပစ်မှတ်ဖြစ်လာသည်။

ထိုမျှမကအခြားသောသူများအားလည်းဘုရားထံမလာနိုင်ရန်လုပ်လိမ့်မည်။ သင့်စိတ်နှလုံး၌ သံသယထည့်ပြီးအမှန်တရားအားနားမလည်ရန်၊ တုံးအရန်လုပ်နေပါသည်။ ဘုရားသခင်၏နှုတ်ကပတ်တရားကြားနာ၍မရစေရန်သူကြားခံကြိုးစားလိမ့်မည်။ မှားယွင်းသောဩဝါဒလမ်းသို့ရောက်လာရန်သို့မဟုတ်ယုံကြည်ခြင်းတရားမှလမ်းလွဲရန်သူကြိုးစားလိမ့်မည်။ စာတန်၏နည်းပရိယာယ်အား သတိထားပါ။

ကျွန်ုပ်တို့ပြဿနာများအတွက်ဖြေရှင်းချက်များအားဘုရားသခင်သည်ချပေးပြီးဖြစ်သည်။ စာတန်သည်ဘုရား၏လူများအပေါ် ဖျက်ဆီးလိုချင်သည့်ရည်ရွယ်ချက်အကြောင်း သတိပေးပြီးဖြစ်သည်။ စာတန်အားသတိထားပါ။ ခရစ်တော်ထံသွားရန် သင့်အားမဟန့်တားမိပါစေနှင့်။

□□□

## ၅။ သင့်ထံသို့ရေးစာ

ရှေးဟောင်းစာစောင်သည် ထိုအရာ၏တန်ဖိုးသိသူအတွက်သာ တန်ဖိုးရှိသည်။ ကမ္ဘာဦးကျမ်း ၃ သည် ဤကျမ်းအားတန်ဖိုးထားတတ် သူအတွက်သာ ဖြစ်သည်။ ဤစာစောင်သည်ရှေးဟောင်းဖြစ်သော်လည်း ခေတ်လူများကိုအရေးကြီးသော အချက်ပါဝင်သည့်အရာ ဖြစ်သည်။

ကျွန်ုပ်တို့၏ကနဦးမိဘ၏ဘုရားသခင်ရှေ့၌ ကျရှုံးခြင်းသာမက ဘုရားသခင်၏ဂရုဏာတရားနှင့်ကယ်တင်မှုပါဝင်သည်။ ကျွန်ုပ်တို့ပြဿနာ အတွက် အတွင်းစိတ်သိမြင်ခြင်းနှင့် ထိုအရာ အားကျော် ဖြတ်နိုင် ရန်နည်းများအားပေးသည်။ လူ့ပြဿနာများသည် ဝိညာဉ်ရေးရာ သဘောသဘာ ဝဖြစ်သည်။ ဤအရာများအား လူ၏ကြိုးစားအားထုတ်မှုဖြင့်မဖြေရှင်းနိုင်ပေ။ ဘုရားသခင်သည် ကြားဝင်လာမှသာ လူ့ပြဿနာအတွက် ထွက်ပေါက် ရှိလာခဲ့သည်။

မကြာခင်ကျွန်ုပ်တို့သိသောဘဝသည်ကုန်ဆုံးလာတော့မည်ဖြစ်သည်။ ခရစ်တော်သည်ကမ္ဘာအားတရားစီရင်ရန်ပြန်လာလိမ့်မည်။ ဝိညာဉ်တိုင်းနှင့်ကမ္ဘာပေါ် ရှိအသက်ရှင်ကျန်ရစ်သူသည်လည်းသေခြင်းမှထမြောက်လိမ့်မည်။ လူတိုင်းအသစ်သော ခန္ဓာပေးသနားခံခြင်းခံရမည်။ ဖြောင့်မတ်သောသူအားလည်း မကောင်းသောသူနှင့်သီးသန့်ခွဲထားလိမ့်မည်။ ခရစ်တော်၏ဖြောင့်မတ်ခြင်းဝတ်လုံမရှိသော သူသည်စာတန်


နှင့်သူ့နောက်လိုက်နတ်ဆိုးများနှင့်အတူတကွ ခံစားရန်အတွက်ငရဲထဲသို့ပစ်ချခံရမည်ဖြစ်သည်။ စကြာဝဠာသည်တစ်နေ့အရည်ပျော်ပြီးအသစ်ဖြစ်လိမ့်မည်။ ခရစ်တော်၏ ဖြောင့်မတ်ခြင်းဝတ်လုံဝတ်သူသည် ဘုရားနှင့်ထာဝရအသက်ရှင်နေထိုင်လိမ့်မည် ဖြစ်သည်။

ချစ်သောမိတ်ဆွေ၊ ကမ္ဘာဦးကျမ်း ၃ ရှိအသိပေးစာအား သင်သံသယရှိပါသေးသလား။ စာတန်သည်လူများအားကျော့ကွင်းထဲမိရန်လှုပ်ရှားနေသည်ကို သံသယရှိနေတုန်းဖြစ်ပါသလား။ သင့်ပြဿနာသည်သူ့လက်၌ သင်လဲကျသွားစေနိုင်သည်ကို သံသယရှိပါသေးသလား။ စာတန်၏တည်ရှိခြင်းအစစ် အမှန်ကိုသင်သံသယရှိပါ သလား။ သတိရှိပါ။ စာတန်၏တည်ရှိခြင်းအားသင် သံသယဖြစ်ခဲ့လျှင်ဘုရား၏တည်ရှိခြင်းအား သံသယဖြစ်နေသည်မှာသေချာသည်။ စာတန်သည်ဘုရားကဲ့သို့အစစ်အမှန်ရှိသည်။ အကယ်၍ ဘုရားရှိလျှင်စာတန်လည်း ရှိသည်။ အကယ်၍ စာတန်ရှိလျှင်သင့်စိတ်နှလုံး၌ သံသယမျိုးစေ့အားထည့်ပေးရန်ကြိုးပမ်းလိမ့်မည်။

ဤစာအားသင်ဖတ်စေရန်လိုအပ်သောဝိညာဉ်ရေးရာအကျိုးအကြောင်းရှိပါသည်။ ဤအခြေအနေ၌ စာတန်သည်သင့်အားခားပြမတိုက်မိပါ စေနှင့်။ သင်၏သေးငယ်သောယုံကြည်ချက်အားအယူမခံပါနှင့်။ ဘုရား၏ဂရုဏာခံရန်အတွက်ဘုရားထံလှည့်ပါ။ အကယ်၍စာတန်၌ ပရိယာယ်ရှိလျှင် ဘုရားသခင်လည်းကုသပပျောက်စေနိုင်စွမ်းရှိသည်။ သူ၏ကုသပပျောက်စေမှုသည်ခရစ်တော်၏အလုပ်နှင့်ပုဂ္ဂိုလ်ဖြစ်ခြင်းဖြစ်သည်။ ယေရှုခရစ်သည် အပြစ်သားအားလုံးအားအပြစ်၊ စာတန်နှင့်ငရဲမှထာဝရအပြစ်စီရင်ခြင်းမှ ကယ်တင်နိုင်ရန်အရာအားလုံးလုပ်ခဲ့သည်။ ခရစ်တော်သည်ဂေါလဂေါသရှိကားတိုင် အသေခံခြင်းဖြင့်သူ့လူများအတွက်ပေးဆပ်ခဲ့သည်။ သူတို့အပြစ်သန့်စင်ပေးရန်အတွက်သူ့အသွေးသွန်းခဲ့သည်။ သင်အသက်ရှင်ရန်အတွက် သူ့အသက်အားပေးခဲ့သည်။

ထို့ကြောင့်သင့်အပြစ်လှည့်ပြန်၍ ယေရှုခရစ်ထံယုံကြည်ခြင်းဖြင့် ဘုရားသခင်နှင့်ငြိမ်းချမ်းမှုရယူပါ။

□□□



ဆက်သွယ်ရန်လိပ်စာ

Peter Ci Thang

၈/၁၉၈၇၊ နိဗ္ဗာန်လမ်းသွယ်(၃)၊ တောင်သူကုန်းရပ်ကွက်

အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။